ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ စနေနေ့၊ (1-3-2008) (၅၆၀၉)

ဒါနဉ္စ တေ၊ မင်္ဂလ မုတ္တမံ

အလှူပေးရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဆင်ကျော့ကျေးရွာ စက်ရေတွင်းသစ် ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉နာရီခွဲတွင် တန့်ယန်း–မိုင်းရယ် လမ်းဆုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ နားနေဆောင်၌ လုပ်ငန်းအင်ဂျင်နီယာမှူးကြီး ဦးဝင်းနိုင်က ပန်ညု–ဆောင်ကြဲ–မိုင်းရယ်လမ်းပိုင်း (၂၉)မိုင်(၄)ဖာလုံတွင် (၁၂)မိုင် ကျောက်ခင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆင်ကျော့ကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြရာ သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်က စက်ရေတွင်း တူးဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးကောင်တိုင်းက ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်ပေးမှုများအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးစဝ်လွယ်မောဝ်တို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ရေတွင်းသစ် ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် ဦးစဝ်လွယ်မောဝ်တို့က စက်ရေတွင်းသစ်၏ ရေပိုက်ခေါင်းကို ဖွင့်လှစ်ပေးကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ကြေးမုံ The Mirror — မြန်မာတို့၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့တိုးတက်စေမည့် အခြေခံဥပဒေသစ်

ယခုရေးဆွဲပြီးစီးခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် အမျိုးသားညီလာခံကိုယ်စားလှယ်(တိုင်းရင်းသားစုံ၊ ဒေသစုံ၊ လူတန်းစားစုံ၊ အလွှာစုံ) တစ်ထောင်ကျော် အချိန်ယူညှိနှိုင်းပြီး ချမှတ်ခဲ့သည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဤသည်ကို ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၊ ကိုလိုနီလက်သစ်၊ ကွန်ဆာဗေးတစ် လက်သစ်ဝါဒီတို့က ဆီလိုအပေါက်ရှာပြီး စွပ်စွဲပုတ်ခတ်လာကြသည်။ သူတို့လိုချင်သည်မှာ ယခုကဲ့သို့ မြန်မာ့သမိုင်းကြောင်း၊ ရေခံမြေခံ၊ လူမျိုးယဉ်ကျေးမှု စရိုက်လက္ခဏာ၊ ဆန္ဒသဘောထားနှင့်အညီ ရေးဆွဲထားသော အခြေခံဥပဒေမျိုးမဟုတ်။ အခြေခံဥပဒေဘောင်ချိတ်ပြီး ပြည်ပအားကိုးဖြင့် ၎င်းတို့အာဏာရရေး၊ အာဏာရလာလျှင် တိုင်းတစ်ပါးလက်သို့ မြန်မာနိုင်ငံ ထိုးအပ်ရေးသာဖြစ်သည်။

ဦးမျိုးမြင့်(ဥပဒေ)၏ **“မြန်မာတို့၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့တိုးတက်စေမည့် အခြေခံဥပဒေသစ်”**

(ဆောင်းပါး) စာမျက်နှာ–၈၊၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁-၃-၂၀၀၈
(စနေနေ့)

သစ်တောသစ်ပင် နှစ်စဉ်တိုးချဲ့စိုက်ပျိုး ဒေသစိမ်းလန်းစိုပြည် နိုင်ငံ့စီးပွားတိုးတက်ဖွံ့ဖြိုး

သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများအားလုံး ရပ်တည်ရှင်သန်ရေးတွင် အကျိုးပြုလျက်ရှိသည်။ သစ်ပင်၊ ဝါးပင်၊ သစ်တောများ ပြုန်းတီးလာလျှင် ရာသီဥတု ဖောက်ပြန်ပျက်ယွင်းမှုဖြစ်ပေါ်လာတတ်သည်။ မြေဆီသြဇာ ခန်းခြောက်ခြင်း၊ မြစ်ချောင်းများ ရေလျှံခြင်း၊ သဲကန္တာရ ဖြစ်ပေါ်လာခြင်း စသည်တို့နှင့် တွေ့ကြုံနိုင်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအားလုံးက သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ်များတွင် သစ်တောသစ်ပင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းနိုင်ရေး ဖော်ဆောင်ရေးဆွဲနေကြပြီဖြစ်သည်။

သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ပြည်တွင်းသုံးစွဲမှုနှင့် နိုင်ငံ့စီးပွားရေးအတွက် ထုတ်လုပ်မှုတို့ကို သစ်တောရှိသော နိုင်ငံတိုင်းက လုပ်ဆောင်ကြမြဲဖြစ်သည်။ ယင်းသို့ နှစ်စဉ် ထုတ်ယူသုံးစွဲကြခြင်းကြောင့် သဘာဝသစ်တောကြီးများ အထိုက်အလျောက် ယုတ်လျော့လာရသည်ဖြစ်ရာ တစ်ဖက်ကလည်း သစ်တောများကို အစားထိုးပြန်လည်စိုက်ပျိုးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဒေသအလိုက် သစ်တောများ၊ သဘာဝနယ်မြေများ၊ သစ်တောစိုက်ခင်းများကို တည်ထောင်လျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသ ၁၃ ခရိုင်တွင် သစ်တောများရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည်။ နေပြည်တော် တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းတောရှိ ကျွန်းအထူးစိုက်ခင်း၊ နေပြည်တော် လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်းအတွင်းရှိ ကျွန်းအထူးစိုက်ခင်း၊ တောင်တွင်းကြီးမြို့နယ် ရန်ပါယ်ကြိုးဝိုင်း ကျွန်းအထူးစိုက်ခင်းတို့ အောင်မြင်လျက်ရှိသည်။

ပဲခူးရိုးမသည် ကျွန်းသစ်ပေါက်ရောက်ဖြစ်ထွန်းရာ ဒေသဖြစ်သဖြင့် ပဲခူးရိုးမ ထာဝစဉ်စိမ်းလန်းစိုပြည်နေစေရန် သစ်တောစိုက်ခင်းများကို တည်ထောင်ထိန်းသိမ်းလျက်ရှိသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း သစ်တောစိုက်ခင်း ဧကခြောက်ထောင်ကျော် တည်ထောင်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန် ပျိုးပင် ခုနစ်သောင်းကျော် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းသစ်အပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုလျက်ရှိရာ သစ်ပင်များ နှစ်စဉ်တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများတွင် ဒေသခံပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

ကွယ်လွန်သူ ဖခင်ကြီး ဦးတင်အေးအားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၄)ရပ်ကွက် အေးရိပ်မွန်အိမ်ရာနေ မိခင်ကြီး ဒေါ်သန်းသန်းမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး လပွတ္တာမြို့နယ်တွင် အသင်းဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် လပွတ္တာလုပ်(တောင်)ကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာရှိ ရွှေဟောင်းရှင်စောမြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် လောင်းဝေသန် မင်္ဂလာဓမ္မဗိမာန်တော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါစေတီတော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လောင်းဝေသန် မင်္ဂလာဓမ္မဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စေတီတော်ကြီးအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး လပွတ္တာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား အမှာစကား ပြောကြားစဉ်။

(လယ်/ဆည်)

နေ့ဆွမ်းဆက်ကပ်

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ စေတနာရှင်၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ကျင်းပပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

လက်ခံယူ

ထို့နောက် ဒေဝဒဟာသဗ္ဗသိဒ္ဓိ လောကနတ် ပရဟိတကျောင်း ဆရာတော် ဘဒ္ဒန္တပညာတေဇက နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများကို လှူဒါန်းရာ အထွေထွေအတွင်းရေးမှူးကလက်ခံပြီး အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဇနီး ဒေါ်နီနီဝင်း မိသားစုနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုတို့က အလှူတော်ငွေများလှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းဆွေက လက်ခံယူသည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးသည် လပွတ္တာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ဖြစ်မြောက်ရေးကော်မတီ (ရွှေသီရိရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ သီဟသုဓမ္မသီရိ ဒေါ်အမာကြည်၊ သား ကိုနေလင်းကျော်၊ မတင်အေးမိသားစုက ငွေကျပ် ၁၃၇၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ဆင့်မအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုရစာအုပ်များ ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် စာရေးဆရာ ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခုဆဋ္ဌမအကြိမ်အဖြစ် ၂၀၀၆ ခုနှစ်ထုတ် စာအုပ်များထဲမှရွေးချယ်၍ရရှိသော ဆုရစာအုပ် လေးအုပ်ကို ဆုချီးမြှင့်မည်ဖြစ်သည်။ ဆရာဝန်တင်ရွှေသည် တင်ရွှေစာပေတိုက်ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်တစ်ဦးအဖြစ်လည်း ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၀၆ ခုနှစ်အတွင်း ထုတ်ဝေသော စာအုပ်များအနက်မှ ဆရာဝန်တင်ရွှေ စာပေဆုရွေးချယ်ရေးကော်မတီက ချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များမှာ ရန်ကုန်တက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ်၊ တရားရုံးချုပ် တရားသူကြီး စာရေးဆရာ ဒေါက်တာတင်အောင်အေးရေးသားသည့် **"တိပိဋကဓရ သာသနာ့ဝင် (သမိုင်းမှတ်တမ်း၊ သုတေသနကျမ်း)"** အမည်ရှိ တိပိဋကဓရ သာသနာ့ဝင်ပုဂ္ဂိုလ်ကျော်များ၏ ထေရုပ္ပတ္တိနှင့် အောင်မြင်မှုများကို စုဆောင်းဖော်ပြ၍ မှတ်တမ်းတင်သော ကျမ်း၊ စာရေးဆရာ မောင်ဝဏ္ဏရေးသားသည့် **"ကျွန်တော်အူကြောင်ကြား"** အမည်ရှိ ခေတ်လူမှုရေးပြုပြင်မှု သုံးသပ်အကြံပေးဆောင်းပါး ပေါင်းချုပ်၊ စာရေးဆရာနိုင်ဇော်ရေးသားသည့် **"၂၁ ရာစု၏ စိန်ခေါ်မှုအသစ်ဆေးပညာကျင့်ဝတ်များ"** အမည်ရှိ ကျန်းမာရေးနှင့် ဆေးလောက၏ ကျင့်ဝတ်နီတိ ပြဿနာများအပေါ် လေ့လာသုံးသပ်ချက်စာအုပ်နှင့် စာရေးဆရာ ကေသီပန် ဦးလှမြင့်ရေးသားသည့် **"ဖခင်နို့တိုက်ခဲ့သည့် ကျွန်တော့်အဖေ"** အမည်ရှိ ခေတ်ပြိုင်ပုဂ္ဂိုလ်တစ်ဦး၏ မြန်မာ့ကျေးလက် လူငယ်ဘဝ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်တို့ ဖြစ်ကြသည်။

ဆဋ္ဌမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲကို မတ်လအတွင်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (အိုင်ဘီစီ)၌ ကျင်းပမည်ဖြစ်၍ နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ဓမ္မရိပ်သာ တရားပတ်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်မြို့ သမိုင်း မရမ်းခြံ အောင်ဓမ္မရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆရာတော်ကြီးနှစ်ပါးပူဇော်ပွဲနှင့်တပေါင်းလတရားပတ်၊ တန်ခူးလသင်္ကြန်တရားပတ်များကို ကျင်းပသွားမည်ဖြစ်ရာ ဆရာတော်ကြီးနှစ်ပါးပူဇော်ပွဲကို မတ် ၂၃ ရက်(တနင်္ဂနွေနေ့)၊ တပေါင်းတရားပတ်ကို မတ် ၇ ရက်မှ ၁၈ ရက် ရက်အထိနှင့် သင်္ကြန်တရားပတ်ကို ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းလိုသူများသည် အကျိုးဆောင်အဖွဲ့ရုံး ဖုန်း-၆၆၁၁၀၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၈ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၈ (Myanmar Furniture Fair- 2008) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၃ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ အထိ ကျင်းပသွားမည်ဖြစ်ပြီး အတွင်းပြခန်း ၁၅၄ ခန်းနှင့် အပြင်ပြခန်း ၁၂ ခန်းတို့ကို တိုင်းရင်းသား လုပ်ငန်းရှင်များက ပရိဘောဂများ၊ အထပ်သားများနှင့် ကြမ်းခင်းစသည့် သစ်အခြေခံထုတ်ကုန်များ၊ သစ်အချောကိုင်ဆေး၊ ကော်နှင့် ဆက်စပ်ပစ္စည်းများ၊ သစ်လုပ်ငန်းသုံး ယာဉ်နှင့် စက်အပိုပစ္စည်းများ၊ သစ်တောထိန်းသိမ်းမှုဆိုင်ရာ ပညာပေးပြခန်းများကိုပါ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒေသခံတိုင်းရင်းသားအဖွဲ့ ရိပ်သာ၌ ဦးစဝ်လွယ်မောဝ်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဝမ်းစာ ဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးပြောကြားကာ ဦးစဝ်လွယ်မောဝ်အား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဦးစဝ်လွယ်မောဝ်က ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့အား ရှမ်းရိုးရာခေါင်းပေါင်းများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆင်ကျော့တိုက်နယ် ပြည်သူ့ဆေးရုံရှိ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းအတွင်း ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆင်ကျော့ အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများအား ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဉ္ဇူဓမ္မရိပ်သာ ကျောင်းတိုက်၌ တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် မရမ်းကုန်း(၁)ရပ်ကွက် (၂)လမ်းနေ ဦးသန်းရှိန်အား အမှူးထား၍ ကိုအေးမင်းစိုး-မမြင့်မြင့်ဦး မိသားစုက အလှူငွေကျပ် ၁၀သိန်းကို ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီဝင် ဦးသန်းမောင် လက်ခံစဉ်။ (က-ပ)

စက်မှုတက္ကသိုလ် (မြို့ပြ) ၁၉၈၇ ခုနှစ်နှင့် ၁၉၉၁ ခုနှစ် ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၆ရက်က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းပေးအပ်စဉ်။ (က-ပ)

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ဦးမောင်မောင် (ရွှေစံအိမ်) စာစီစာကုံးစာပေဆုနှင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက်က အမှတ်(၆)ရပ်ကွက် ဇေယျဝတီစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပရာ ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဦးမောင်မောင်(ရွှေစံအိမ်)မိသားစုရွှေဆိုင်မှ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ကြစဉ်။ (၅၄၃)

ကော့မှူးမြို့နယ် ဝါးဘလောက်သောက် အထက၏ မိဘဆရာအသင်း နှစ်ပတ်လည် ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မကြူကြူအေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရွှေ ဆုချီးမြှင့်စဉ်။ (က-ပ)

(၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း(သစ်တပ်)၌ စတင်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိစစ်သည်များနှင့် ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များ တက်ရောက်ကြသည်။

ယနေ့ပထမနေ့ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက **"ရွှေနိုင်ငံ ရွှေကြယ်ဝင့်လို့ချီ"**၊ **"အောင်လံလွှင့်မယ့် ဒို့တပ်မတော်"**၊ **"ကျန်ရှိသေးသော တာဝန်တစ်ရပ်"**နှင့် **"တူယှဉ်ကာတိုက်စို့"** စသည့် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က **"ရဲသွေးရဲမာန်"**၊ **"ဒို့ရဲ့ မြန်မာ့တပ်မတော်"**၊ နှင့် **"ကျန်ရှိသေးသောတာဝန်တစ်ရပ်"** စသည့် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက **"စုံပြဒို့တပ်မတော်"**၊ **"ဒို့စစ်သည်"**၊ **"ဒို့ရဲ့မြန်မာ့တပ်မတော်"**နှင့် **"ပြည်သူ့သားကောင်း"** စသည့် စစ်ချီသီချင်းများဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အဆိုပါ (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဒုတိယနေ့အစီအစဉ်ကို မတ် ၁ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရေဒီယိုအသံလွှင့်ဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်သပြေနု၏ ဝတ္ထု/ဇာတ်ညွှန်းကို မြန်မာ့အသံမှ စီစဉ်ထုတ်လွှင့်သည့် **"နေလိုအချစ် လလိုမေတ္တာ"** ရေဒီယိုအသံလွှင့်ဇာတ်လမ်းကို မတ် ၂ ရက် (တနင်္ဂနွေနေ့) ည ၇နာရီ ၁၅မိနစ်တွင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းတွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မိုးယံဇွန်၊ တေးသံရှင် မေယုမော်တို့နှင့်အတူ မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၀)ရက် ဝိပဿနာစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဟင်္သာတမြို့နယ် ပေါက်တစ်ပင်ကြို့ကုန်းကျေးရွာ သာသနာ့ဝေပုလ္လကျောင်းတိုက်ကြီး၌ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ ဦးစီး၍ ရွှေပြည်သာမြို့ သီရိမင်္ဂလာ ဓမ္မအေးရိပ်သာ ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဦးသောဘနတို့က ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၂ ရက် (မတ် ၈ ရက်)မှ တပေါင်းလဆန်း ၁၁ ရက် (မတ် ၁၇ ရက်) အထိ ၁၀ ရက်စခန်းပွဲ ကျင်းပမည်ဖြစ်ရာ စခန်းဝင်လိုသူ ယောဂီများ အနေဖြင့် မိမိတို့ အိပ်ရာလိပ်နှင့် အသုံးအဆောင်များ ယူဆောင်၍ မတ် ၇ရက် ညအရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။ (က-ပ)

နေပြည်တော်ရေပန်းဥယျာဉ်၌ အပန်းဖြေသူများ စည်ကား

နေပြည်တော် ဖေဖော်ဝါရီ ၂၉

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်အား မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်ရန်နှင့် နေပြည်တော်နေ ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ စိတ်လက်ချမ်းမြေ့စွာ အနားယူအပန်းဖြေစေရန်တို့ကို ရည်ရွယ်၍ နေပြည်တော် မြို့တော်ခန်းမအနီး၌ နေပြည်တော် ရေပန်းဥယျာဉ်ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်။ (အောက်ပုံ)

ဖွင့်လှစ်ခဲ့သည့် နေပြည်တော် ရေပန်းဥယျာဉ်သည် ၆၅ဧကခန့် ကျယ်ဝန်းပြီး အမြင့် ၄၈ပေ၊ အကျယ် ၄၈ပေရှိ Steel Structure ဖြင့် တည်ဆောက်ထားသော လှပသည့် ဥယျာဉ်အဝင်မုခ်ဦးနှင့် ဥယျာဉ်အတွင်း ခြောက်ဧကအကျယ် ရေဂါလန် ၁၅သန်းဆံ့ ပင်မရေကန်ကြီး တစ်ကန်၊ ဘဲငန်းကန်နှင့် ရေပန်းကန်ငယ် ၁၁ ကန်တွင် ရေပန်းအလှ ၁၀ ခု၊ ရေပန်းအောက် လျှောက်လမ်းသုံးခု၊ အမြင့်ပေ ၃၀ ရှိ လေးဖက်မြင် သံစုံမြည် နန်းမြင့်နာရီစင်တစ်ခု၊ အပန်းဖြေ နားနေဆောင် ကိုးဆောင်၊ ရှုရပ်ပန်းဥယျာဉ်ငယ်နှစ်ခု၊ ကျောက်တုံးဥယျာဉ်သုံးခုနှင့် ရာသီပန်းများ၊ ပုံသွင်းအလှပင်များ၊ နှစ်ရှည် အရိပ်ရပင်များဖြင့် အပန်းဖြေအနားယူသူ ပြည်သူများ စိတ်ချမ်းမြေ့စေရန် စီစဉ်ထားရှိသည်။ ဥယျာဉ်အတွင်း ၁၀ ပေအကျယ် (Buggy) ကားလမ်းနှင့် လူလျှောက်လမ်းများ တည်ဆောက်ထားပြီး (Buggy) ယာဉ်ငယ်လေးစီးဖြင့် ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုခံစားနိုင်ရန် စီစဉ်ထားရှိသည်။

နေပြည်တော် ရေပန်းဥယျာဉ်ကို နေ့စဉ် နံနက် ၈ နာရီမှ ည ၇ နာရီအထိ ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ အခမဲ့ လာရောက်အပန်းဖြေနိုင်ရန် ဖွင့်လှစ်ထားသဖြင့် နေပြည်တော်နေ ပြည်သူများနှင့် ဝန်ထမ်းမိသားစုများက ညနေပိုင်းအချိန်များ၊ အထူးသဖြင့် စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် လာရောက်အပန်းဖြေ အနားယူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြင်ဦးလွင်ရှိ အခြေခံပညာကျောင်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၂၇ ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် နှစ်ဆုံးစာမေးပွဲ စစ်ဆေးနေမှုအခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားစီမံဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ အမှတ်(၁)၊ အမှတ်(၃)နှင့် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းများသို့ သွားရောက်ပြီး နှစ်ဆုံးစာမေးပွဲ စစ်ဆေးနေမှုအခြေအနေများနှင့် မီးဘေးလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစီမံ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချီလီနိုင်ငံ စန်တီယာဂိုမြို့တွင် ရဲတပ်ဖွဲ့မှ လေယာဉ်ငယ်ပျက်ကျမှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးအား ပြုစုနေသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်တွင် ဓာတ်မြေသြဇာဈေးနှုန်း တည်ငြိမ်စေမည်

ပေကျင်း ဖေဖော်ဝါရီ ၂၈

နွေဦးရာသီထွန်ယက်ချိန် စတင်ပြီဖြစ်ရာ ယခုနှစ်အတွင်း စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စေရေးအတွက် ဓာတ်မြေသြဇာဈေးနှုန်းကို တည်ငြိမ်အောင် ဆောင်ရွက်မည် ဖြစ်ကြောင်း တရုတ်နိုင်ငံက ဆုံးဖြတ်ထားသည်။

နွေဦးထွန်ယက်ခြင်းသည် ဖေဖော်ဝါရီလ နှောင်းပိုင်းမှ စတင်ပြီး ဧပြီလနောက်ပိုင်းတွင် ပြီးဆုံးမည်ဖြစ်သည်။

တရုတ်ပြည်အတွက် စားသုံးသီးနှံ စိုက်ပျိုးသော အဓိကရာသီ နှစ်ရာသီအနက် ယခု နွေဦးရာသီတွင် နိုင်ငံ၏ အရှေ့ပိုင်း၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် လည်းကောင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်း၌ ဂျုံစိုက်ပျိုးရန် လည်းကောင်း မြေပြုပြင်ထွန်ယက်ကြသည်။

အင်္ဂါနေ့က ပေကျင်းတွင် ကျင်းပသော အစည်းအဝေး၌ ဓာတ်မြေသြဇာလိုအပ်ချက်သည် တန်ချိန် ၂၆ ဒသမ ၆ သန်း ရှိမည်ဟု ခန့်မှန်းထားသော်လည်း ၂၇ ဒသမ ၂သန်းတန်အထိ ထောက်ပံ့မည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းအစည်းအဝေးကိုအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြောင်းလဲရေးကော်မရှင်၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် အခြား အာဏာပိုင်အဖွဲ့ငါးဖွဲ့ ပူးတွဲကျင်းပခြင်းဖြစ်သည်။

ဓာတ်မြေသြဇာအပေါ် အခွန်အခကောက်ခံမှု ပယ်ဖျက်ထားခြင်းနှင့် ယခင်ကထက် ပိုမိုသိုလှောင်ထားခြင်းတို့ကြောင့် ဈေးနှုန်းတည်ငြိမ်မည် ဖြစ်ကြောင်း အစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးက သက်ဆိုင်ရာ အာဏာပိုင်များကို ဓာတ်မြေသြဇာ ဖြန့်ဖြူးရေး၊ လမ်းကြောင်းမှန်ကန်ရေးအတွက် ဈေးကွက် အဆက်မပြတ်လေ့လာ ထိန်းချုပ်ရေး၊ ကုန်စည်စီးဆင်းမှု အဆက်မပြတ်စေရေးတို့ကို ဈေးနှုန်းတည်ငြိမ်ရေးအတွက် လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမျိုးသားလွှတ်တော် အစည်းအဝေးကျင်းပရန် ပါကစ္စတန်အစိုးရအား နာဝပ်ရှာရစ်ဖ်တိုက်တွန်း

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၈

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းနှင့် ပါကစ္စတန်မွတ်စလင်အဖွဲ့ နာဝါဇ်(ပီအမ်အယ်-အင်)၏ ထိပ်တန်း ခေါင်းဆောင် နာဝပ်ရှာရစ်ဖ်က အမျိုးသားလွှတ်တော်(အင်န်အေ) အစည်းအဝေးကျင်းပရန် အာဏာပိုင်များကို ဖေဖော်ဝါရီ၂၇ ရက်က တိုက်တွန်းခဲ့သည်။

ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)၊ ပီအမ်အမ်အင်ပါတီနှင့် အဝါမီအမျိုးသားပါတီ(အေအင်ပီ)တို့ ပူးပေါင်းအစည်းအဝေး ကျင်းပပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ ရှာရစ်ဖ်က အမျိုးသားလွှတ်တော် အစည်းအဝေးကို အနည်းငယ်မျှ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ကျင်းပရမည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံသည်ဘေးအန္တရာယ်နှင့် ကြုံတွေ့နေပြီး ပြဿနာအများအပြား ဖြစ်ပွားနေကြောင်း၊ ပါကစ္စတန်အနာဂတ်ကို တောက်ပလာစေရန် ကြီးမားသော အခွင့်အလမ်းများရှိကြောင်း ပီပီပီပါတီ တွဲဖက်ဥက္ကဋ္ဌ အဆစ်ဖ်အလီဇာဒါရီက ပြောကြားသည်။

ဇာဒါရီက နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဝါဇီရစ္စတန်မှအိမ်တစ်လုံး ဒုံးကျည်ထိ၊ ရှစ်ဦးသေ

ဝါနာ(ပါကစ္စတန်) ဖေဖော်ဝါရီ ၂၈

ပါကစ္စတန်နိုင်ငံအတွင်း အယ်လ်ခိုင်ဒါ စစ်သွေးကြွများ ခိုအောင်းရာ ဒေသမှ အိမ်တစ်လုံးကို ကြာသပတေးနေ့က ဒုံးကျည်ထိမှန်ရာ စစ်သွေးကြွဟုသံသယရှိသူ အနည်းဆုံးရှစ်ဦးသေဆုံးကြောင်း ဌာနေများနှင့် ထောက်လှမ်းရေးအရာရှိများက ပြောကြားသည်။

အာဖဂန်နယ်စပ်အနီး ဝါဇီရစ္စတန်မျိုးနွယ်စုတို့၏ တောင်ပိုင်းဒေသအတွင်း ကာလိုရှာကျေးရွာအနီးတွင် ထိုတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းအိမ်အနီးတစ်ဝိုက်တွင်ပေါက်ကွဲမှုကြောင့်တုန်ခါသွားကြောင်း၊ အနည်းဆုံး ရှစ်ဦးသေဆုံးကြောင်း ဌာနေတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့နျူကလီးယားလုံခြုံရေး စိုးရိမ်ရသော အနေအထားသို့ရောက်ဟု ပြောကြား

အော့စလို ဖေဖော်ဝါရီ ၂၈

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက ကမ္ဘာ့နျူကလီးယားလုံခြုံရေးသည် စိုးရိမ်ရသော အနေအထားသို့ရောက်နေကြောင်း ပြောကြားပြီး ကမ္ဘာ့ခေါင်းဆောင်များကို နျူကလီးယားပြဿနာအား ပြန်လည် သုံးသပ်ပါရန်နှင့် လက်နက် ဖျက်သိမ်းရေးဆွေးနွေးပွဲအသစ်တစ်ခုကို စတင်ရန် အင်္ဂါနေ့က တောင်းဆိုလိုက်သည်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ အကြီးအကဲ မိုဟာမက်အယ်လ်ဘာရာဒေးက အဏုမြူမပြန့်ပွားရေးကို ထောက်ခံရန်လိုအပ်ကြောင်း၊ ယင်းမှတစ်ဆင့် အဏုမြူလက်နက်များ ဖျက်သိမ်းရေးကို ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခုအခါ နျူကလီးယားလုံခြုံရေးသည် စိုးရိမ်ဖွယ်ရာ အနေအထားသို့ ရောက်နေပြီ ဖြစ်ကြောင်း နော်ဝေးနိုင်ငံ အော့စလိုမြို့ အခမ်းအနားတစ်ခုတွင် ပြောကြားသွားသည်။

အိုင်အေအီးအေသည် နျူကလီးယားနှင့်ဆိုင်သော ပစ္စည်းများ သို့မဟုတ် လက်နက်များပျောက်ဆုံးမှုသည်တစ်နှစ်လျှင် ၁၅၀ ရှိကြောင်း၊ ယင်းပျောက်ဆုံးသောပစ္စည်းများသည် ဒုစရိုက်ဂိုဏ်းအဖွဲ့ကြီးများလက်ဝယ် သို့မဟုတ် အစွန်းရောက်ဝါဒီများ လက်ဝယ်သို့ ရောက်သွားနိုင်ကြောင်း ၎င်းက ပြောသည်။

နျူကလီးယားလက်နက် ပိုင်ဆိုင်ထားသော နိုင်ငံများအကြား တည်ရှိနေသော အပြန်အလှန် အဟန့်အတားဖြစ်သည့် အယူအဆများကို စွန့်လွှတ်ရန်လိုကြောင်း။ အကယ်၍ အစွန်းရောက်များက နျူကလီးယားလက်နက်ကို ပိုင်ဆိုင်လာလျှင် အသုံးပြုမှာ သေချာကြောင်း အယ်လ်ဘာရာဒေးက ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

တောင်အာဖရိကဒေသရှိ သဘာဝတောအတွင်း သွားလာကျက်စားနေသော တောဆင်ရိုင်းအချို့ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂါဇာကမ်းမြောင်နှင့်အစ္စရေး၏ လက်ရှိအခြေအနေများကြောင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားနိုင်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၈

ပါလက်စတိုင်း နယ်မြေများရှိ ပြည်သူလူထု၏ ဆိုးရွားနေသည့်အခြေအနေများနှင့် အစ္စရေးတောင်ပိုင်းဒေသ၏အန္တရာယ်များက လွန်ခဲ့သောနှစ်အတွင်းတွင် ပြန်လည်ကျင်းပခဲ့သည့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပျက်စီးစေခဲ့ကြောင်း ကုလသမဂ္ဂမှ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲက ဂါဇာတွင် အစ္စရေးတပ်ဖွဲ့၏ ပိတ်ဆို့မှုခံနေရသည့် ပါလက်စတိုင်းပြည်သူလူထုနှင့် ပါလက်စတိုင်းစစ်သွေးကြွများ၏ ရော့ကတ်ဒုံးကျည်ဖြင့် အပစ်ခံနေရသည့် အစ္စရေးပြည်သူလူထုအတွက် အနည်းငယ်သာ အကျိုးဖြစ်ထွန်းသည်ဟု ကုလသမဂ္ဂ လူသားချင်း အကူအညီပေးရေးဌာန အကြီးအကဲဂျွန်ဟုမ်းနှင့် အရှေ့အလယ်ပိုင်း သံတမန် ရောဘတ်ဆာရေးတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပြောကြားသည်။

အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် အစ္စရေးနှင့် တွဲလျက်ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးဖြစ်ပြီး မေရီလင်းပြည်နယ် အနာပိုလစ်မြို့တွင် နိုဝင်ဘာလအတွင်း အမေရိကန်က ကမကထပြုကာ ညီလာခံပြုလုပ်ခဲ့သည်။ သို့ရာတွင် ယင်းညီလာခံတွင် သဘောထားကွဲလွဲပြီး သဘောတူညီချက် ချမှတ်နိုင်ခြင်း မရှိခဲ့ပေ။

ဆွေးနွေးပွဲဆက်လက်ကျင်းပမည့် ရည်ရွယ်ချက်၊ မျှော်လင့်ချက်နှင့်လက်ရှိဖြစ်ပျက်နေသည့် ဖြစ်ရပ်များအတွင်း လုံးဝနီးပါး အဆက်ပြတ်မှု ပေါ်ပေါက်နေကြောင်း၊ သဘောထားကွဲလွဲမှု အမြန်လျော့ကျစေရန် မလုပ်နိုင်ပါက ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနိုင်မည့်အခွင့်အရေး ပျက်စီးနိုင်သည်ဟုဂျွန်ဟုမ်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗင်နီဇွဲလားလေယာဉ် ပနားမား၌ အရေးပေါ်ဆင်းသက်

ပနားမားစီးတီး ဖေဖော်ဝါရီ ၂၈

ခရီးသည် ၁၁၂ ဦး တင်ဆောင်လာသော ဗင်နီဇွဲလားလေယာဉ်တစ်စင်းသည် လေယာဉ်၏ လေအေးပေးစက်မှ မီးခိုးများထွက်လာသဖြင့် ပနားမားနိုင်ငံသို့ ဗုဒ္ဓဟူးနေ့က အရေးပေါ်ဆင်းသက်လိုက်ရကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။ လေယာဉ်သည် ပနားမား မြို့တော်တိုကူမင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အန္တရာယ်ကင်းစွာ ဆင်းနိုင်ခဲ့ ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ပနားမားလေကြောင်း အာဏာပိုင်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အင်ပရီဆာ အေရီယာ ဗင်နီဇိုလာနားလေကြောင်းလိုင်းပိုင် လေယာဉ်သည် စင်းလုံးငှားခရီးစဉ်အဖြစ် ပနားမားမြို့မှ ဗင်နီဇွဲလားမြို့၊ မာရာကိုင်ဘိုမြို့သို့ ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း လေကြောင်းအာဏာပိုင် အရာရှိတစ်ဦးထံမှ သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိန် ပါလီမန် အဆောက်အအုံပေါ်သို့တက်ကာ ကန့်ကွက်ဆန္ဒပြနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်ပါလီမန် အဆောက်အအုံ၌ စာတန်းချိတ်ဆွဲ ဆန္ဒပြ

လန်ဒန် ဖေဖော်ဝါရီ ၂၈

ဗြိတိန်နိုင်ငံ ဟီးသရိုးလေဆိပ်တိုးချဲ့ရေးအစီအစဉ်ကိုဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက လေယာဉ်ပေါ်တက်၍ စာတန်းချိတ်ဆွဲခဲ့ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးက ဗြိတိန်ပါလီမန် အဆောက်အအုံ၏ ခေါင်မိုးပေါ်တက်၍ စာတန်းချိတ်ဆွဲကာ ဆန္ဒပြခဲ့သည်။

ကမ္ဘာ့အစည်ကားဆုံး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တတိယလေယာဉ်ပြေးလမ်း တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ်ကို ဗြိတိန်ပြည်သူများကလည်း လက်မခံကြပေ။

ဆန္ဒပြသူများသည် အဆောက်အအုံ၏ဘေး၌ ဆန့်ကျင်ကန့်ကွက်သည့် စာတန်းများ ချိတ်ဆွဲပြီး လုံခြုံရေးအဖွဲ့ ခေါင်မိုးပေါ်သို့ တက်ရောက်လာသည့်အခါ ရှောင်တိမ်းသွားခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

နိုင်ငံတကာရေးရာ သတင်းများ

ကလင်တန်ကို ထောက်ခံသူ ကွန်ဂရက်ကိုယ်စားလှယ် ဘက်ပြောင်း၍ အိုဘားမားကို ထောက်ခံ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၉

ဒီမိုကရက်တစ်ပါတီမှ လူမည်းကွန်ဂရက် ကိုယ်စားလှယ် ဂျွန်လူးဝစ်သည် မူလက ဟီလာရီကလင်တန်အား ထောက်ခံနေရာမှ ဘက်ပြောင်းလိုက်ပြီး ဘာရက်အိုဘားမားကို ထောက်ခံလိုက်ပြီဖြစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံ သမ္မတလောင်းရွေးပွဲ၌ ယှဉ်ပြိုင်ဘက် နှစ်ဦးဖြစ်သည့် ကလင်တန်နှင့် အိုဘားမားတို့ လွန်ခဲ့သည့်နှစ်ရက်က ရုပ်မြင်သံကြားမှ စကားစစ်ထိုးပွဲ ပြုလုပ်ကြသည်။ ထိုစကားစစ်ထိုးပွဲ နောက်ပိုင်းတွင် လူမည်း ကွန်ဂရက်ကိုယ်စားလှယ် လူးဝစ်က ဘက်ပြောင်းလိုက်ခြင်းဖြစ်သည်။

စကားစစ်ထိုးပွဲတွင် ကိုယ်စားလှယ်နှစ်ဦး မည်သူကမျှ အပြတ်အသတ် အသာရအောင် မပြောဆိုနိုင်ခဲ့ကြဟု ဆိုသည်။ သို့သော် လက်တွေ့တွင် အရှိန်ကောင်းကောင်းဖြင့် အနိုင်ရနေသော အိုဘားမားကို ကလင်တန်က အရှိန်သေသွားအောင် မဆောင်ရွက်နိုင်ဘဲရှိသည်။

ဟီလာရီ ကလင်တန်သည် အိုဘားမားနှင့် တန်းတူယှဉ်နိုင်ရေးအတွက် အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ်များ၌ အနိုင်ရရှိရန် အပြင်းအထန် ကြိုးပမ်းနေဆဲဖြစ်သည်။ ကွန်ဂရက် ကိုယ်စားလှယ် မစ္စတာ လူးဝစ်သည် ဂျော်ဂျီယာပြည်နယ်မှ လူမည်း ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ ထိုပြည်နယ်ရှိ လူမည်းများသည် အိုဘားမားကို အင်နှင့်အားနှင့် ထောက်ခံခဲ့ကြသည်။

ထိုလူထုဖိအား၏ အရှိန်ကြောင့် ဂျွန်လူးဝစ်သည် အိုဘားမားကို ကူးပြောင်း၍ ထောက်ခံလိုက်ဖွယ်ရှိသည်ဟု ဆိုသည်။

မိမိအနေဖြင့် ပြည်သူများနှင့် အတူလိုက်ပါလိုသည်။ ပြည်သူများသည် အပြောင်းအလဲကို လိုလားနေကြသည်။ လိုအပ်နေသောပြောင်းလဲမှုကို အိုဘားမားက ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်နေကြသည်။ သို့ဖြစ်၍ မိမိသည်လည်း ပြည်သူများနှင့် တစ်သားတည်းရှိစေရန် အိုဘားမားအား ထောက်ခံရခြင်းဖြစ်သည်ဟု လူးဝစ်က ပြောကြားသည်။

လူးဝစ်ဘက်ပြောင်းသွားခြင်းသည် လူမည်းများ၏ ထောက်ခံမှုကို လိုအပ်နေသော ကလင်တန်အတွက် အထိနာသွားစေသည်ဟုဆိုသည်။

အင်တာနက်။

ကလင်တန်အား ထောက်ခံ နေရာမှ အိုဘားမား ဘက်သို့ ကူးပြောင်း ထောက်ခံ သွားသူ ဂျွန်လူးဝစ်ကို တွေ့ရစဉ်။ *(အင်တာနက်)*

သီရိလင်္ကာမြောက်ပိုင်းတွင် တိုက်ခိုက်မှုဖြစ်ပွား သောင်းကျန်းသူ ၁၄ဦးသေဆုံး

ကိုလံဘို ဖေဖော်ဝါရီ ၂၉

သီရိလင်္ကာ အစိုးရတပ်ဖွဲ့ဝင်များနှင့် သောင်းကျန်းသူများ နိုင်ငံမြောက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားပြီး တမီးလ်ကျားသောင်းကျန်းသူ ၁၄ ဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာ စစ်ဘက်က ပြောကြားသည်။

ရေလွှဲပေါက် လုံခြုံမှုရှိစေရန်အတွက် သီရိလင်္ကာ တပ်ဖွဲ့ဝင်များက မန်နာခရိုင် ဆန်နာအိုဒိုင်ပူဒေသရှိ တမီးလ်ကျားသောင်းကျန်းသူများကို နံနက် ၆ နာရီခန့်တွင် တိုက်ခိုက်ခဲ့ကြသည်ဟု အမျိုးသားလုံခြုံရေးမီဒီယာဌာနက ထုတ်ပြန်သည်။

ယင်းတိုက်ခိုက်မှုကြောင့် တမီးလ်ကျားသောင်းကျန်းသူ ၁၄ဦးသေဆုံးပြီး တီ-၅၆ ရိုင်ဖယ်သေနတ်များ သိမ်းယူရရှိသည်။ အစိုးရတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာ အနည်းငယ်ရရှိခဲ့သည်ဟု ကြေညာချက်အရ သိရှိရသည်။

သီရိလင်္ကာလေတပ်က တမီးလ်သောင်းကျန်းသူများ၏ အမြောက်ဌာနချုပ်နှင့် ဂျက်ဖ်နာကျွန်းဆွယ် ပါလိုင်ဒေသရှိ မြေအောက် ကတုတ်ကျင်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူများ၏စခန်း ပျက်စီးလုနီးပါးဖြစ်သွားခဲ့သည်ဟု စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့

ဒါဖာတောင်ပိုင်းဒေသ နျာလား စခန်းတွင် ရောက်ရှိနေသော တရုတ်နိုင်ငံမှ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

(အင်တာနက်)

အမေရိကန်ထောက်လှမ်းရေးကြေညာချက် မဟုတ်မမှန်ကြောင်း အာဖဂန်နစ္စတန်ငြင်းဆို

ကဘူး ဖေဖော်ဝါရီ ၂၉

အမေရိကန် အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူး မိုက်ကယ်မက်ကွန်းနီးလ်၏ ပြောကြားချက်များသည် အခြေအမြစ်မရှိကြောင်း အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ငြင်းဆိုလိုက်သည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းအစိုးရသည် နိုင်ငံ၏ ရာခိုင်နှုန်း ၃၀ ကိုလည်းကောင်း၊ တာလီဘန်များက ၁၀ရာခိုင်နှုန်းကိုလည်းကောင်း၊ ကျန်ရာခိုင်နှုန်း ၆၀ ကို စစ်ဘုရင်များနှင့် လူမျိုးစုခေါင်းဆောင်များက လည်းကောင်း ထိန်းချုပ်ထားကြောင်း မက်ကွန်းနီးလ်က အထက်လွှတ်တော် လက်နက်ကိုင်ကော်မတီသို့ ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

အာဖဂန်ပြည်နယ်ပေါင်း ၃၄ ပြည်နယ်အတွင်း ခရိုင်ပေါင်း ၃၆၀ ကျော်သည် အစိုးရ၏ ဩဇာအာဏာအောက်တွင်ရှိကြောင်း၊ ဒေသဆိုင်ရာအရာရှိများကို အစိုးရက ခန့်အပ်ထားပြီး ၎င်းတို့၏ တာဝန်ဝတ္တရားကို ပုံမှန်ထမ်းဆောင်လျက်ရှိကြောင်း အာဖဂန် ကာကွယ်ရေးဝန်ကြီးဌာန၏ ကြာသပတေးနေ့က ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

ပိုမိုအင်အားကောင်းလာ

အာဖဂန်နစ္စတန် အရှေ့တောင်ဒေသအတွင်း အမေရိကန်တပ်က မကြာမီက စူးစမ်းလေ့လာခဲ့ရာတွင် ယင်းဒေသ၏ ၈၃ ရာခိုင်နှုန်း အစိုးရက ထိန်းချုပ်ထားသည်ကို အတည်ပြုကြောင်း ကြေညာချက်တွင် ထပ်မံဖော်ပြထားသည်။

အာဖဂန်စစ်ဘုရင်တို့၏ အရှိန်အဝါသည် တစ်နေ့တခြားယုတ်လျော့လာပြီး ပြည်သူတို့၏ထောက်ခံမှုရရှိထားသော အစိုးရတပ်ဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများသည် ပိုမိုအင်အားကောင်းလာကြောင်း ကြေညာချက်တွင် အလေးအနက်ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေးက ဂါဇာကမ်းမြောင်ကို လေကြောင်းမှတိုက်ခိုက်

ဂါဇာ ဖေဖော်ဝါရီ ၂၉

အစ္စရေးစစ်ဘက်က ဟားမတ်စ်တို့ ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်ကို ကြာသပတေးနေ့က လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် အစ္စလာမ့်စစ်စစ်သွေးကြွများ အပါအဝင် ပါလက်စတိုင်း ၂၀ သေဆုံးသွားခဲ့သည်။

အစ္စရေးစစ်ဘက်၏ နှစ်ရက်ကြာ တိုက်ခိုက်မှုအတွင်း သေဆုံးသည့် လူဦးရေသည် ၃၃ဦးအထိ ရှိလာရာ ထိန်းချုပ်မှုများပြုလုပ်ရန် ကြက်ခြေနီနှင့် ဥရောပသမဂ္ဂက မေတ္တာရပ်ခံထားသည်။

ထိခိုက်ဒဏ်ရာရရှိ

ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူစည်ကားရာဒေသတွင် လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ညဘက်ရောက်သည်အထိ ပေါက်ကွဲသံများနှင့် သေနတ်သံများကြားနေရကာ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။

အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်နှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များက အထင်ကရ မြေပြင်ထိုးစစ် ဆင်နွှဲရန် ခွင့်ပြုခဲ့ပြီး ဂါဇာကမ်းမြောင် တောင်ပိုင်းဒေသတွင် အစ္စရေးစစ်ဘက် တပ်ဖွဲ့ဝင်များက ပါလက်စတိုင်းတို့၏ အိုးအိမ်များကို ဝင်ရောက်စီးနင်းနေသည်ဟု ဒေသခံများက ပြောကြားကြသည်။

အစ္စရေးက အမေရိကန် ကမကထပြုသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပျက်စီးစေရန် ကြိုးပမ်းနေသည်ဟု ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အပြန်အလှန် အပစ်အခတ်ရပ်စဲရေးအတွက် ပါလက်စတိုင်းသမ္မတအဘတ်စ် နှစ်ဆတိုး ကြိုးပမ်း

ရာမာလာ ဖေဖော်ဝါရီ ၂၉

အနောက်ဘက်ကမ်းခြေနှင့် ဂါဇာကမ်းမြောင်တွင် အစ္စရေးနှင့် အပြန်အလှန် အပစ်အခတ်ရပ်စဲရေးအစီအစဉ်အပေါ် အားဖြည့်ရန်အတွက် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က အပြင်းအထန်ကြိုးပမ်းမှုများ ပြုလုပ်နေကြောင်း ညှိနှိုင်းရေးမှူး ဆာယိဘ်အီရီကက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

မာမွတ်အဘတ်စ်က အီဂျစ်သမ္မတ ဟော့စနီမူဘာရက်နှင့် ကိုင်ရိုမြို့တွင် တွေ့ဆုံခဲ့စဉ်အတွင်း အပစ်အခတ်ရပ်စဲရေးပြဿနာကို ဆွေးနွေးခဲ့သည်ဟု အီရီကက်က ပြောကြားသည်။

၁၈ ဦး သေဆုံး

အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်သို့ လေကြောင်းမှ စဉ်ဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်လေးဦးအပါအဝင် ပါလက်စတိုင်း ၁၈ ဦး သေဆုံးခဲ့သည်။

တစ်ချိန်တည်းမှာပင် အစ္စရေးစစ်ဘက်က အနောက်ဘက်ကမ်းခြေရှိ နာဘလုမြို့ရှိ စစ်သွေးကြွနှစ်ဦးကို သတ်ဖြတ်ခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တွန်းအားပေး လုပ်ဆောင်သွားရန်အတွက် အထက်ပါရာဇဝတ်မှုများ ရပ်ဆိုင်းရမည်ဖြစ်ပြီး တည်ငြိမ်မှုရရှိစေရန် အမြန်ဆုံး အင်အားဖြည့်ဆောင်ရွက်ကြရမည်ဟု အီရီကက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လေတပ် အခြေစိုက်စခန်းသစ် အင်ဒိုနီးရှားတပ်ဖွဲ့ တည်ဆောက်မည်

ဂျကာတာ ဖေဖော်ဝါရီ ၂၉

မလေးရှားနိုင်ငံ နယ်စပ်အနီး အင်ဒိုနီးရှားနိုင်ငံအတွင်း ကာလီမန်တန်ပြည်နယ် အရှေ့ပိုင်းတွင် အင်ဒိုနီးရှားလေတပ်သည် အခြေစိုက်စခန်းသစ် တစ်ခု တည်ဆောက်လျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တာရာကန် လေတပ်အခြေစိုက်စခန်းသစ်တွင် တိုက်လေယာဉ်များကို အချိန်ပြည့် အလှည့်ကျ ချထားမည်ဖြစ်ကြောင်း လေကြောင်းတပ်ဖွဲ့ အကြီးအကဲ ရီယာမာရှယ်ဘန်ယာမင်ဒန်ဒလ်၏ ပြောကြားချက်ကို ကိုးကားပြီး အင်တာရာသတင်းဌာနက ဖော်ပြသည်။

ထိုစခန်းသစ်၌ ရုရှားနိုင်ငံလုပ် ဆူခွိုင်း၊ အမေရိကန် နိုင်ငံလုပ် အက်ဖ်-၁၆ အက်စ် သို့မဟုတ် ဗြိတိန်နိုင်ငံလုပ် ဟော့ခ် ဂျက်တိုက်လေယာဉ်တို့ကို အလှည့်ကျ ချထားမည်ဟု ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ရောက်ရှိနေသော တူရကီသံချပ်ကာ တပ်ဖွဲ့ဝင်အချို့ကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။ *(အင်တာနက်)*

✻ ကျောဖုံးမှ

ဆပ်ကော်မတီဝင်များ၊ အကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်ရေးပြတပ်ရေး ဦးဆောင်သော ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများက စစ်ရေးပြကွင်းအတွင်း၌ နေရာယူကြပြီး စစ်ရေးပြမှူးထံ စစ်ရေးပြတပ်ရေးက တန်းအပ်သည်။

နိုင်ငံတော်အလံ အလေးပြု

ဆက်လက်၍ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များ၏ အလေးပြုခြင်းကိုခံယူကာ ပြိုင်ပွဲဝင်စစ်တီးဝိုင်း အသင်းများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုသည်။

ထို့နောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များက အလေးပြုကြပြီး စစ်ရေးပြတပ်ရေးက တန်းဖြုတ်ခွင့်တောင်းခံကာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌသည် အလေးပြုခံစင်မြင့်မှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက သရုပ်ပြဖျော်ဖြေပြီး တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။
၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

● ကမ္ဘာ့အဆင့်မှ

၁၁၃-၁၀၇ မှတ်တို့ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဗိုလ်စွဲခဲ့

ကွာတားဖိုင်နယ်တွင် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် အင်ဒိုနီးရှားမှ ကစားသမားကို အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတွင် မလေးရှားမှ ကစားသမားကို ၁၁၈-၁၁၃ မှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားမှ ကစားသမားကို ၁၁၆-၁၁၃ မှတ်တို့ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

ရွှေတံဆိပ်ဆုရ ရဲမင်းဆွေ။ (ကြေးမုံ)

ကြေးတံဆိပ်ဆုရ အောင်ငှိမ်း။ (ကြေးမုံ)

အထူးဓမ္မပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးအနီးရှိ မင်္ဂလာဈေးဓမ္မာရုံတွင် နိုင်ငံတော် (၁၁)ဘွဲ့ရ ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားများကို မတ် ၅ ရက် (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ဟောကြားမည်ဖြစ်ပါ၍ တရားနာကြွရောက်နိုင်ရန် ဖိတ်ကြားထားသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၀၈ (စနေနေ့)

AM & PM	
၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"သစ္စာဝင်မှ အားကိုး"တရားတော်(အပိုင်း-၁) (ဆရာတော် ဘဒ္ဒန္တ သောဘဏ)
၈:၀၅-၂:၀၅	လောင်းဝေသန်မင်္ဂလာဓမ္မဗိမာန်တော်ကြီးနှင့် အံ့ဖွယ်ထူးခြားရောင်ခြည်တော်များနှင့် ရှင်စောမြတ်စေတီ
၈:၂၀-၂:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာဗဟုသုတလေ့လာပါ Resource Centre မှာ
၉:၀၅-၃:၀၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၉:၁၅-၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀-၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀-၃:၃၀	ပုံဖော်ထွင်းထုအနုန်းခွဲပန်းပု
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	ပိုလီယိုကာကွယ်ရေးအကြောင်း သိကောင်းစရာ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာစိုးလွင်ငြိမ်း)
၁၀:၁၅-၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	စက်မှုစီးပွားထုတ်ကုန်အား (Sun Light Fiberglass စက်ရုံ)
၁၀:၄၀-၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀-၄:၅၀	နားခိုစရာ တောင်လေ့ကားမြို့မှာ
၁၁:၀၀-၅:၀၀	တစ်ပတ်အတွင်းအားကစားသတင်း
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	Fashion Guide (အကယ်ဒမီဆွေဇင်ထိုက်၏ တစ်ခါတုန်းကဖက်ရှင်)
၁၁:၄၅-၅:၄၅	Activities in the City
၁၁:၅၅-၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	Yangon Panorama (ထိုင်းနိုင်ငံ ဗန်ကောက်မှ Chaophya Hospital မိတ်ဆက်ပွဲအခမ်းအနား)
၁၂:၂၅-၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀-၆:၃၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၅)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Arsenal-Aston Villa	ESPN(Live)
	Fulham-Man Utd	Star Sports(Live)
၁၁:၄၀	Man City-Wigan	Star Sports(Live)
၁၂:၀၀	West Ham-Chelsea	ESPN(SDD)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	AC Milan-Larzio	5-Cartoon(Live)

ဒေဝူးအမှတ်တံဆိပ် အိမ်သုံး လျှပ်စစ်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

OK Myanmar Co., Ltd. ၏ ဒေဝူးအမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသပွဲကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ Inya Lake Hotel (Sunset Terrace) မြက်ခင်းပြင်၌ ကျင်းပရာ အနယ်နယ် အရပ်ရပ်ရှိ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များမှ အရောင်းကိုယ်စားလှယ်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေဝူး အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်း အမယ်သစ်များ ဆက်လက်တင်သွင်းမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က မြန်မာနိုင်ငံ ဈေးကွက်တွင် ဒေဝူးလျှပ်စစ်ပစ္စည်းများ အဆင်ပြေ ချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများ၊ ပြည်သူလူထု လက်ခံသုံးစွဲသည့် အနေအထားများနှင့် ဝယ်ယူပြီးနောက် ကုမ္ပဏီက တာဝန်ယူထားသည့် ဝန်ဆောင်မှု အာမခံချက်များနှင့် ခိုင်ခိုင်မာမာ ဖြေရှင်းဆောင်ရွက်ပေးသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် ခင်းကျင်းပြသထားသည့် ဒေဝူးအမှတ်တံဆိပ်ပစ္စည်းသစ် Side by Side ရေခဲသေတ္တာကြီးများ၏ ထူးခြားသည့် အရည်အသွေး လုပ်ငန်းဆောင်ရွက်ပုံနှင့် အသုံးပြုနိုင်ပုံများကို ကုမ္ပဏီ အင်ဂျင်နီယာများနှင့် အရောင်းဝန်ထမ်းများက ရှင်းလင်းပြသသည်။ အဆိုပါ Side by Side ရေခဲသေတ္တာကြီးများသည် လီတာ၆၂၀ ရှိပြီး ဈေးကွက်တွင် ပုံမှန်တွေ့ရှိရသည့် ရေခဲသေတ္တာများထက် သုံးလေးဆ ပိုကြီးသည်။ R-600 Gas ကို အသုံးပြုထားသဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုပြီး ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကို အကာအကွယ်ပေးသည်။ အထူးသဖြင့် Nano Silver စနစ် နည်းပညာကို အသုံးပြုထားသဖြင့် ပိုးမွှားများကို ရာနှုန်းပြည့်နီးပါး သန့်စင်နိုင်ပြီး သားငါးများ အချိန်ကြာမြင့်စွာ သိုလှောင်ထားရှိနိုင်သည်။ ဆူညံမှုမရှိဘဲ စွမ်းအင်သုံးစွဲမှု သက်သာခြင်းကြောင့် နိုင်ငံတကာဈေးကွက်၌ တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။ ဧည့်ရိပ်သာများ၊ မိသားစုများသည့် အိမ်များနှင့် စားသောက်ဆိုင်များတွင် သုံးစွဲရန် အထူးသင့်လျော်ပြီး ဆက်သွယ်စုံစမ်းလိုပါက OK Myanmar Co., Ltd. ရုံးချုပ်၊ အမှတ် (၁၆၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ဖုန်း- ၃၇၇၆၂၇၊ ၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၉၂၉၉၇ နှင့် ကုမ္ပဏီအရောင်းဆိုင်များ၊ (ရန်ကုန်) Daewoo Showroom အမှတ် (၁၇၅) ဗိုလ်အောင်ကျော်လမ်း ဖုန်း- ၂၅၆၉၄၇၊ HQ(I) Showroom အမှတ် (၁၂၄) မဟာဗန္ဓုလပန်းခြံလမ်း ဖုန်း- ၃၇၆၉၉၇၊ HQ (II) Showroom အမှတ် (၂၀၁/၂၀၃) ပန်းဆိုးတန်းလမ်း ဖုန်း- ၂၄၁၀၇၇၊ ၃၈၇၆၄၄၊ နေပြည်တော် Showroom အမှတ် (၁၅၆) သီရိရတနာအဆင့်မြင့်ဈေး နေပြည်တော် ဖုန်း- ၀၆၇-၄၂၀၈၁၃၊ (မန္တလေး) Daewoo Showroom အမှတ် (၁၃၅)၊ ၈၄ လမ်း၊ ၃၀ × ၃၁ ကြား မန္တလေးမြို့၊ ဖုန်း- ၀၂-၃၁၅၈၂ များနှင့် အနယ်နယ် အရပ်ရပ်ရှိ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ ဝယ်ယူထားသည့် ဒေဝူးလျှပ်စစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စများရှိပါက OK Myanmar Service အောင်သပြေလမ်းနှင့် ပိတောက်လမ်းထောင့်၊ ယုဇနပလာဇာနောက်ကျော၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း- ၂၉၉၄၀၁၊ ၂၉၈၄၉၁၊ ၀၉-၉၉-၂၆၅၈၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

OK Myanmar Co., Ltd. ၏ ဒေဝူးအမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းသစ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

နှုတ်ခွန်းဆက်စကားပြောကြား

OK Myanmar Co., Ltd. ၏ ဒေဝူးအမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တနင်္သာရီတိုင်း၌ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်း မွေးမြူသူလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ကမ်းနားလမ်းရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ သား၊ ငါးကဏ္ဍ တိုးတက်ထုတ်လုပ်ရေးမှနိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးစနစ် မြှင့်တင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တနင်္သာရီတိုင်းအတွင်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းများအား အဆိုပါခန်းမ၌ တွေ့ဆုံမှာကြားပြီး မြိတ်မြို့ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ တနင်္သာရီတိုင်းစက်မှုဇုန်များ တာဝန်ခံဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မြိတ်မြို့ အဝေးပြေးဝင်းအတွင်းရှိ ကောင်းပြည့်စုံ မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီသို့ ရောက်ရှိပြီး မော်တော်ယာဉ် ထုတ်လုပ်တပ်ဆင်နေမှု အဆင့်ဆင့်နှင့် ထုတ်လုပ်တပ်ဆင်ပြီး မော်တော်ယာဉ်များကို လှည့်လည် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်း မွေးမြူသူလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (မွေး/ရေ)

ရန်ကင်းမြို့နယ် မဥ္ဇူလမ်း ပါရမီရိပ်သာနေ ပါမောက္ခ ဒေါက်တာ ဦးမြင့်လွင်-ဒေါက်တာဒေါ်ဆင့်ဆင့်နှင့်သားသမီးတစ်စုက ကြေးပြား ၁၀ချပ် တန်ဖိုးငွေ ကျပ်၂၅၀၀၀၀နှင့် တစ်ပိဿာအလေးချိန်ရှိ ကြေးလင်ဗန်းကြီး တစ်ချပ်အား လှူဒါန်းရာ ကြေးပိဋကတ်တော်ပြုလုပ် လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံလာရောက် လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၅ရက်က လှိုင်သာယာမြို့နယ် အမက(၁၉)၏ ဘက်စုံဆုချီးမြှင့်ပွဲအခမ်းအနားတွင် လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမြတ်ဝေတိုးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစန်းတို့က မြို့နယ် ပန်းချီထူးချွန်ဆုရ စတုတ္ထတန်း(က)မှ မနှင်းဆီလင်းဝင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန် ဂေါက်ကလပ် တည်းကုန်း၌ ဖွင့်ပွဲကျင်းပ

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd.က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏လက်ရွေးစင်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2008 Qualify Round) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇နာရီတွင် ရန်ကုန်ဂေါက်ကလပ် တည်းကုန်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည် တီခုံ(၁)၌ နေရာယူကြပြီး မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်(အောက်ပုံ) အမှုဆောင် ဦးကိုကိုလေး၊ ဦးချမ်းဟန်၊ International Beverages Trading Co., Ltd မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးနှင့် PR မန်နေဂျာ ဦးရဲတင့်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ လက်ရွေးစင်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင် ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲအပြီးတွင် သက်မောင်မောင်က Nett Total ၆၈ ချက်ဖြင့်ဦးဆောင်ကစား လျက်ရှိသည်။ မင်းသူရအောင်က Nett Total ၆၉ ချက်ဖြင့် ဒုတိယလိုက်ပြီး သန့်ဇော်၊ သိန်းလွင်၊ ဝင်းစိန်၊ နိုင်ရဲလင်း၊ ဉာဏ်မိုးနှင့် လင်းသဲတို့က Nett Total ၇၀ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co., Ltd က ဖြစ်ပြီး Co-Sponsors များအဖြစ် Dusit Inya Lake Hotel, Srixon နှင့် Alpine (Purified Drinking Water) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Ham Event Management က တာဝန်ယူ ဆောင်ရွက်ပေးသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၇ နာရီတွင် ယင်းဂေါက်ကလပ်၌ ဆက်လက် ကျင်းပသည်။

(သတင်းစဉ်)

အမည်မဖော်လိုသူအချစ်ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ၌ဆက်လက်ပြသ

ဖျော်ဖြေမှု ရုပ်ရှင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ယခုပတ်သောကြာ ဖေဖော်ဝါရီ ၂၉ရက်တွင် ရန်ကုန်မြို့လယ်ရှိ ရုပ်ရှင်ရုံများဖြစ်ကြသော သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် "အမည်မဖော်လိုသူအချစ်"ဇာတ်ကားသာ ဆက်လက်ပြသသည်။ **(ယာပုံ)**

မဟော်ဂနီ ရုပ်ရှင်ထုတ်လုပ်ရေးမှ မင်းလူ၏ဝတ္ထုကို ဆုသြချယ်ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာမီးပွားရိုက်ကူးတင်ပြသည့် ရန်အောင်၊ ကျော်ရဲအောင်၊ ထွန်းထွန်း၊ မြင့်မြတ်၊ မင်းသစ္စာ၊ ရဲလေး၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်၊ မိုးပြည့်ပြည့်မောင်တို့ ပါဝင်သရုပ်ဆောင်ထားသော အမည်မဖော်လိုသူအချစ်ဇာတ်ကားဖြစ်သည်။ ထိုဇာတ်ကားမှာ အသွင်မတူဘဲ ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေထိုင်ရာမှ အဆင်မပြေမှုများဖြစ်ကြပုံ၊ စရိုက်ချင်းမတူညီဘဲ ချစ်သူဖြစ်သွားရာမှ အပေးအယူ မမျှတကြသည့် ချစ်သူစုံတွဲများအကြောင်းကို ဒါရိုက်တာက ဟာသသရုပ်ဆောင်ပေါင်းများစွာဖြင့် အားဖြည့်ရိုက်ကူးထားသည့် ဟာသဇာတ်မြူးကား တစ်ကားဖြစ်သည်။ ဟာသဇာတ်ကားများ ကြိုက်နှစ်သက်သော ရုပ်ရှင်ချစ်ပရိသတ်များ ကြိုက်နှစ်သက်မည့် ဇာတ်ကားလည်း ဖြစ်သည်။

လူမင်းနှင့် နန္ဒာလှိုင်တို့ပါဝင် သရုပ်ဆောင်ထားသော **"မမှာသောကအင်းဝရာဇာ"** ရုပ်ရှင်ဇာတ်ကားကို ဝဇီရာ၊ လှိုင်သာယာ ဝဇီရာနှင့် သာကေတမြရတနာရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသသည်။

နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံ၌ ဟောလိဝုဒ်မင်းသား NICOLAS CAGEပါဝင်သရုပ်ဆောင်ထားသော NATIONAL TREASURE-2, BOOK OF SECRETS ဇာတ်ကားပြသသည်။

ရှေ့ဆောင်ရုံတွင် အိန္ဒိယရုပ်ရှင်စူပါစတားမင်းသားရှာရွတ်ခန်းနှင့်မင်းသမီး ဒီပီကားတို့ပါဝင်သရုပ်ဆောင်ထားသည့် OM SHANTI OM ဇာတ်ကားပြသသည်။ ယခင်ဘဝက အတိတ်ဟောင်းကို ပြန်လည်မြင်ယောင်ပြီး ၎င်းတို့၏ဘဝကို ဖျက်ဆီးခဲ့သောသူအား ပြန်လည်ကလဲ့စားချေပုံကို ရိုက်ကူးထားသည့် အိန္ဒိယရုပ်ရှင် ကြိုက်နှစ်သက်သူများ အကြိုက်တွေ့မည့် ဇာတ်ကားဖြစ်သည်။ မြို့လယ် ဘုရင်ရုံတွင် HUM TUM HARE HAIN SANAM နှင့် မြို့လယ် ဆုထူးပန်ရုံတွင် MUSAFIRအိန္ဒိယ ရုပ်ရှင်ဇာတ်ကားတို့ကို ပြသလျက်ရှိသည်။ (ကြေးမုံ)

ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီဝင် မြန်မာနိုင်ငံမြားပစ် အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ခေါင်းဆောင်သည့် မြန်မာမြားပစ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။**(အောက်ပုံ)**

မြန်မာမြားပစ်အဖွဲ့တွင် ပြိုင်ပွဲ၌ ဂျူရီတာဝန်ထမ်းဆောင်မည့် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင်မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဒေါက်တာခင်ရွှေ၊ ဒိုင်လူကြီးတာဝန် ထမ်းဆောင်မည့်မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မြတ်သူရစိုး၊ အုပ်ချုပ်သူ နည်းပြအဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး(အား/ကာ)၊နည်းပြအဖြစ်ဦးအောင်နိုင်ဦး၊ကစားသမားများအဖြစ်Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ကျော်လင်းထွန်း၊ Compoundအမျိုးသား-ရဲမင်းဆွေ၊ လင်းနိုင်၊ ကျော်ချမ်းငြိမ်း၊ အမျိုးသမီး-အောင်ငိုမ်းတို့လိုက်ပါသွားကြသည်။ (ကြေးမုံ)

မြန်မာတို့၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့တိုးတက်စေမည့် အခြေခံဥပဒေသစ်

ဦးမျိုးမြင့်(ဥပဒေ)

ဒီမိုကရေစီကို စည်းစနစ်ကျနစွာ ဖော်ဆောင်မည့် ရှေ့လုပ်ငန်းစဉ် (၇)ရပ် ချမှတ်ခဲ့ရာ ယခုအခါ တတိယလမ်းစဉ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးပြီ။ စတုတ္ထလုပ်ငန်းစဉ်ဖြစ်သော ရေးဆွဲပြီးစီးသည့် အခြေခံဥပဒေမူကြမ်းကို လာမည့်မေလ၌ ပြည်လုံးကျွတ် ဆန္ဒခံယူ အတည်ပြုတော့မည်။ ၂၀၁၀ ပြည့်နှစ်တွင် အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပရန်လည်း အချိန်ဇယား သတ်မှတ်ပြီးခဲ့ပြီ။

လွတ်လပ်သောနိုင်ငံမှ နိုင်ငံသားပြည်သူများအားလုံးသည် မိမိတို့ဘဝ၊ မိမိတို့မိသားစု၊ မိမိတို့ဆွေမျိုး မိတ်သင်္ဂဟ၊ မိမိတို့နိုင်ငံသားပြည်သူများအတွက် မိမိတို့ကောင်းကျိုးချမ်းသာကို လွတ်လွတ်လပ်လပ် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရှိသည်။ မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်၊ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်သူများ မိမိတို့ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောပုံစံဖြင့် အရာရာ လွတ်လပ်စွာ ပြဋ္ဌာန်းဆောင်ရွက်ခွင့်ရှိသည်။ ဤသို့ နိုင်ငံသားအများစု၏ ဆန္ဒနှင့်အညီ မိမိတို့ကံကြမ္မာ မိမိတို့ဖန်တီးခွင့်ကို ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီးက အာမခံထားပြီးဖြစ်သည်။ နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့် ယဉ်ကျေးသော လူ့အသိတရား ကျင့်ဝတ်သီလများကလည်း Self determination (ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်) ကို အသိအမှတ်ပြုထားကြပြီးဖြစ်သည်။

မြန်မာတို့သည် ယနေ့ "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး"ကို နိုင်ငံတော်၏ ပန်းတိုင်၊ ပြည်သူတို့၏ သန္နိဋ္ဌာန်၊ သမိုင်းပေးတာဝန်အဖြစ် ခံယူအကောင်အထည်ဖော်လျက်ရှိသည်။ ဤမြန်မာ့ရည်မှန်းချက်ပန်းတိုင်တွင် ဒေါသမကင်းသောအချက်ဟူ၍ မြူတစ်မှုန်စာမျှပင် မပါဝင်ပေ။ ကိုလိုနီထမ်းပိုးအောက်၊ တိုင်းတစ်ပါးသား နယ်ချဲ့သမားအောက် နှစ်ပေါင်းတစ်ရာကျော် ကျရောက်စဉ်ကလည်း အစစအရာရာ အောက်ကျနောက်ကျဘဝဖြင့် ဖွတ်ကျော်ပြာစု ခရုဆံကျွတ်ဖြစ်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းလေးဆယ်ကျော် အချင်းချင်းတိုက်ခိုက်သတ်ဖြတ်ကြသော ပြည်တွင်းရောင်စုံသောင်းကျန်းမှုဒဏ်ကိုလည်း ခါးစည်းခံရပြီး ငြိမ်းအေးချမ်းသာမနေခဲ့ရပေ။ ၁၉၈၉ ခုနှစ်ဝန်းကျင်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်လာခဲ့ပြီး ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းတည်ငြိမ်လာခဲ့ရသည်။ မကောင်းပေဘူးလားခင်ဗျာ။

ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မှာ ရေမြေသယံဇာတကောင်းတွေ ကုံလုံကြွယ်ဝတဲ့ မြန်မာနိုင်ငံကို ခေတ်မီပညာတတ်၊ စွမ်းရည်မြင့် လူသားအရင်းအမြစ်များနဲ့ ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်တဲ့ ဆည်မြောင်းတာတမံတွေ၊ စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းတွေ၊ လမ်းသစ်တွေ၊ တံတားသစ်တွေ၊ စက်မှုဇုန်တွေ၊ ဆေးခန်း၊ ဆေးရုံကြီးတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးတွေ တည်ဆောက်အောင်မြင်နေတာရောဘာမကောင်းလို့လဲခင်ဗျာ။

ဒီမိုကရေစီဆိုတဲ့ စကားလုံးရဲ့ အနက်အဓိပ္ပာယ် အစစ်အမှန်ကလည်း လူထုအကျိုးအတွက် လူထုကိုယ်တိုင်(သို့မဟုတ်) လူထုကိုယ်စားလှယ်များက လွတ်လပ်စွာ အများဆန္ဒသဘောထားနဲ့အညီ ဆုံးဖြတ်လုပ်ဆောင်ခြင်းသာဖြစ်ပါသည်။ ပြည်တွင်းမှာ လက်နက်ကိုင်သောင်းကျန်းပြီး အချင်းချင်းသတ်ဖြတ်ရင်း ဒီမိုကရေစီစကားပြောနေကြသမျှသည် ဒီမိုကရေစီအစစ်မဟုတ်ပါ။ အာဏာကရေစီ၊ အာဏာရရေး ငါသာအာဏာနဲ့ အထိုက်တန်ဆုံးဆိုပြီး ဘဝင်ပင့်ထားသော ငါမိုကရေစီ(ငါတကောဝါဒ)သာဖြစ်ပါသည်။ ပြည်ပက ဒီမိုကရေစီသကြားအုပ်ထားပြီး အထဲမှာ ကျွန်ဖြစ်ရေး အဆိပ်လုံးထည့်ထားသော ပို့ကုန်ကိုလိုနီဒီမိုကရေစီဆိုသည်မှာလည်း ရာနှုန်းပြည့် ဒီမိုကရေစီအတုပါခင်ဗျာ။

ဒီမိုကရေစီစကားလုံးသုံးပြီး ကိုယ်အာဏာမရမချင်း ဆူပူမှု၊ သောင်းကျန်းမှုဖန်တီး၊ အကွက်ဆင်ထားသော ထောင်ချောက်ဒီမိုကရေစီမျိုးသည်လည်း ဒီမိုကရေစီအတု၊ စည်းမဲ့ကမ်းမဲ့၊ မင်းမဲ့စရိုက် သရုပ်ဆောင်းထားသည့် အာဏာကရေစီပါပဲ။ နိုင်ငံတစ်ခုတိုးတက်လိုလျှင်၊ ကြီးပွားချမ်းသာလိုလျှင်၊ အေးချမ်းတည်ငြိမ်စေလိုလျှင် ညီညွတ်ကြရမည်၊ အလုပ်လုပ်ကြရမည်၊ စည်းကမ်းရှိရမည်ဟူ၍ ကမ္ဘာ့ခေါင်းဆောင်များ၊ ပညာရှင်များ၊ ကလောင်ရှင်များ ပြောဆိုကျ၊ ရေးနေကျဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင် အကောင်အထည်ဖော်နေခြင်းကို အဘယ်ကြောင့် မုဒိတာမပွားနိုင်ဘဲ ဆီလိုအပေါ်က်ရှာပြီး ပြစ်တင်ပုတ်ခတ်နေကြပါသနည်း။

ရှင်းပါသည်။ ပြည်ပသို့ထွက်ပြေး၊ နယ်ချဲ့နိုင်ငံကြီးများနှင့် အဆွယ်အပွား နိုင်ငံများတွင် ကပ်ရပ်ခိုလှုံနေထိုင်ကာ နေ့စဉ် ထမင်းဖိုး လက်ဖြန့်ခံတောင်းနေရသော ပြည်ပြေးများ၊ အမျိုးသားသစ္စာဖောက်များ၏ ဆန့်ကျင်ပုတ်ခတ်သံများကို BBC, VOA, RFA စသည့် နယ်ချဲ့အသံလွှင့်ဌာနများက နေ့ညမပြတ် ထုတ်လွှင့်ပေးနေခြင်းကပင် နယ်ချဲ့နှင့်ပြည်ပြေး ပုလင်းတူဘူးဆို့ဖြစ်ကြောင်း ထင်ရှားစေပါသည်။

မြန်မာကလောင်ရှင်များက ကိုလိုနီပုံစံဟောင်း (သူတစ်ပါးနိုင်ငံကို အင်အားသုံး ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ပြီး နှစ်ပေါင်းရာချီ ဖိနှိပ်စိုးမိုးကာ ယင်းနိုင်ငံမှ သယံဇာတနေဥစ္စာများကို သွေးစုပ်ဝါးမျိုယူသော နယ်ချဲ့လက်ဟောင်းပုံစံ)နှင့် ကိုလိုနီပုံစံသစ်(ကုလသမဂ္ဂက ကိုလိုနီပုံစံဟောင်းကို တရားဝင် ဖျက်သိမ်းခဲ့သဖြင့် ရေးကကဲ့သို့ ကျူးကျော်တိုက်သိမ်း၊ ရေရှည်စိုးမိုး၊ သွေးစုပ်ခြင်းမပြုသာတော့ဘဲ ယင်းနိုင်ငံတွင် မိမိတို့ဩဇာခံ ရုပ်သေးအစိုးရတင်ပေးလျက် နောက်ကွယ်မှ အဝေးထိန်းခလုတ် Remote Control ဖြင့် ခြယ်လှယ်သွေးစုပ်နည်း) သုံးလာပုံကို အကြိမ်ကြိမ်ရေးသားတင်ပြခဲ့ပါပြီ။ ယခုအခါ နယ်ချဲ့ထိပ်သီးနိုင်ငံကြီးတစ်ခုက နိုင်ငံအချို့ကို အကြောင်းပြချင်ရာပြပြီး ကျူးကျော်တိုက်သိမ်း၊ ငါးနှစ်ကြာလည်းပြန်မထွက်၊ ခြောက်နှစ်ကြာလည်းပြန်မထွက်ဘဲ ကိုလိုနီပုံစံသစ်နှင့် ပုံစံဟောင်း ရောစွက်အသုံးပြုနေပုံကို နိုင်ငံတကာသတင်းများ၌ မြင်တွေ့နေရပါသည်။

နိုင်ငံတိုင်း မိမိတို့နိုင်ငံ ချမ်းသာကြွယ်ဝလိုကြသည်။ မိမိတို့နိုင်ငံသားများ ချမ်းချမ်းသာသာ နေစေလိုကြသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ လုံ့လဝီရိယ စုစည်းညီညွတ်မှုတို့ဖြင့် ရိုးသားစွာ လုပ်ဆောင်အပ်ပေသည်။ သူတစ်ပါးနိုင်ငံကို ကျူးကျော်တိုက်ခိုက်ပြီး ယင်းနိုင်ငံမှ အဆီအနှစ်မှန်သမျှ ဓားပြတိုက် လုယက်သွေးစုပ်သောနည်းမျိုးသည် လူ့ယဉ်ကျေးမှုနှင့် လားလားမျှ မအပ်စပ်ပေ။ ထို့ကြောင့် မြန်မာအပါအဝင် ဖွံ့ဖြိုးဆဲ (နယ်ချဲ့ထမ်းပိုးအောက်မှ လွတ်မြောက်လာသော) နိုင်ငံများသည် မိမိတို့ ပြည်တွင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ချမှတ်ကာ ရိုးရိုးသားသား ဖော်ဆောင် အကောင်အထည်ဖော်နေကြသည်။

မြန်မာတို့သည် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေကြသည်။ ပိတ်ဆို့နှောင့်ယှက်မှုမျိုးစုံကြားမှ တကယ်စည်းလုံးညီညွတ်သော ပြည်တွင်းခွန်အား၊ တိုင်းရင်းသားစုံပြည်သူတို့၏ စွမ်းပကားဖြင့် အကောင်အထည်ဖော်ခဲ့ရာ ဆည်တမံနှစ်ရာကျော်၊ မြို့ကြီးတိုင်းတွင် တက္ကသိုလ်၊ ကောလိပ် ကိုယ်စီ၊ ဆေးရုံများ အဆင့်မြှင့်ဖွင့်လှစ်၊ လမ်း၊တံတားများ လက်ယှက်ထိုး ဖောက်လုပ်သွယ်တန်း တည်ဆောက်နိုင်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ခဲ့ပြီ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ခေတ်မီအဆင့်မြင့် နည်းပညာများဖြင့် ဖော်ဆောင်နိုင်ရန်၊ ပညာရေးနယ်ပယ်၌ စွမ်းရည်မြင့် လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည်။

ဒီမိုကရေစီကို စည်းစနစ်ကျနစွာ ဖော်ဆောင်မည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ခဲ့ရာ ယခုအခါ တတိယလမ်းစဉ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးပြီ။ စတုတ္ထလုပ်ငန်းစဉ်ဖြစ်သော ရေးဆွဲပြီးစီးသည့် အခြေခံဥပဒေမူကြမ်းကို လာမည့်မေလ၌ ပြည်လုံးကျွတ် ဆန္ဒခံယူ အတည်ပြုတော့မည်။ ၂၀၁၀ ပြည့်နှစ်တွင် အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပရန်လည်း အချိန်ဇယား သတ်မှတ်ပြီးခဲ့ပြီ။

ယခုရေးဆွဲပြီးစီးခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းသည် အမျိုးသားညီလာခံကိုယ်စားလှယ် (တိုင်းရင်းသားစုံ၊ ဒေသစုံ၊ လူတန်းစားစုံ၊ အလွှာစုံ) တစ်ထောင်ကျော် အချိန်ယူညှိနှိုင်းပြီး ချမှတ်ခဲ့သည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဤသည်ကို ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၊ ကိုလိုနီလက်သစ်၊ ကွန်ဆာဗေးတစ်လက်သစ်ဝါဒီတို့က ဆီလိုအပေါက်ရှာပြီး စွပ်စွဲပုတ်ခတ်လာကြသည်။ သူတို့လိုချင်သည်မှာ ယခုကဲ့သို့ မြန်မာ့သမိုင်းကြောင်း၊ ရေခံမြေခံ၊ လူမျိုးယဉ်ကျေးမှု၊ စရိုက်လက္ခဏာ၊ ဆန္ဒသဘောထားနှင့်အညီ ရေးဆွဲထားသော အခြေခံဥပဒေမျိုးမဟုတ်။ အခြေခံဥပဒေဘေးချိတ်ပြီး ပြည်ပအားကိုးဖြင့် ၎င်းတို့အာဏာရရေး၊ အာဏာရလာလျှင် တိုင်းတစ်ပါးလက်သို့ မြန်မာနိုင်ငံ ထိုးအပ်ရေးသာဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်၍ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်း တင်ပြပါဦးမည်။ အမေရိကတိုက်မြောက်ပိုင်းဒေသသို့ ဗြိတိသျှ၊ ပြင်သစ် စသည့် ဥရောပသားများ ကျူးကျော်အခြေချပြီး မူလဒေသခံ ရက်ဒ်အင်ဒီးယန်းလူနီများကိုနှိပ်ကွပ်လျက် ကိုလိုနီ(နယ်ပယ်သစ်) ထူထောင်ခဲ့သူများသည် ၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် အင်္ဂလန်မှ ဗြိတိသျှအစိုးရအုပ်စိုးမှုကို တော်လှန်ကာ အမေရိကန်ပြည်ထောင်စုဟူ၍ တည်ထောင်ခဲ့သည်။ မူလတည်ထောင်စက ကိုလိုနီ(ပြည်နယ်) ၁၃ ခုသာ ပါဝင်သဖြင့် မူလအမေရိကန်အလံတွင် ကြယ်ဖြူ ၁၃ ပွင့်သာ ပါဝင်ခဲ့သည်။ နောင် စစ်တိုက်သိမ်းယူနယ်ချဲ့ခဲ့သဖြင့် ပြည်နယ် ၅၀ ရှိလာခဲ့သည်။

၁၇၇၆ ခုနှစ်တွင် လွတ်လပ်ရေးကြေညာခဲ့သော အမေရိကန်တို့သည် နောင် ၁၁ နှစ်ကြာမှ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ညီလာခံ (၁၇၈၇ ခုနှစ်) ကျင်းပခဲ့သည်။ ၁၂ ပြည်နယ်မှ ကိုယ်စားလှယ် ၆၀ တက်ရောက်ခဲ့သည်။ နိုင်ငံသားအခွင့်အရေးအခန်းတွင် မူလဒေသခံ ရက်ဒ်အင်ဒီးယန်းများကိုလည်းကောင်း၊ ငွေဝယ်ကျွန်ဘဝဖြင့် လူ့အခွင့်အရေးဆုံးရှုံးနေရသော လူမည်း(နီဂရိုး)များကိုလည်းကောင်း နိုင်ငံသားအခွင့်အရေး မပေးနိုင်ဟု တင်းခံနေသူများကြောင့် မူလရေးဆွဲသည့် အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးအခန်း မပါဝင်ခဲ့ပေ။ (နောင်တွင်မှ ဖြည့်စွက်ထည့်သွင်းနိုင်ခဲ့သည်) ယင်းအခြေခံဥပဒေကို အတည်ပြုလက်မှတ်ထိုးရာ၌ ကိုယ်စားလှယ် ၁၆ ဦးက မကြိုက်၍ သဘောမတူနိုင်သည်များ ပါ၍ဆိုကာ လက်မှတ်မထိုးကြပေ။ ကိုယ်စားလှယ် ၃၀ ကျော်ကသာ လက်မှတ်ထိုးသည်။ ယင်းသို့ လက်မှတ်ထိုးသူများအနက် အချို့က မိမိတို့ သဘောမတူသောအချက်များ ပါဝင်သော်လည်း အခြေခံဥပဒေပေါ်ထွန်းရန် လက်မှတ်ရေးထိုးပါသည်ဟု ပြောပြီးမှ လက်မှတ်ထိုးသည်။

မြန်မာတို့၏ ယခုဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်စလုံးက သဘောတူချမှတ်ခဲ့သည်။ ယင်းကိုအခြေခံကာ ရေးဆွဲသည့်

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း မူကြမ်းရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၅၄ ဦးစလုံး သဘောတူလက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီးပြီ။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပကာ ပြည်သူအများစု ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းမည်။ ထိုအခါ အခြေခံဥပဒေမူကြမ်းသည် အတည်ပြုပြီး မူချောဖြစ်သွားမည်။ ကမ္ဘာ့နိုင်ငံများတွင် အခြေခံဥပဒေကို ရေးဆွဲကာ အာဏာပိုင်တို့ကဖြစ်စေ၊ ပါတီအဖွဲ့အစည်းကဖြစ်စေ၊ လွှတ်တော်(ပါလီမန်)ကဖြစ်စေ အတည်ပြုလေ့ရှိကြသည်။ ပြည်သူ့ဆန္ဒမဲဖြင့် အတည်ပြုခြင်းမျိုး ရှားပါးသည်။ နိုင်ငံနှင့် ပြည်သူအတွက် အရေးကြီးသော အခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံး ဆန္ဒမဲပေးပြီး ဆုံးဖြတ်ခြင်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ရောမခေါ်မ တိုက်ရိုက်ဒီမိုကရေစီခေတ်က ပုံစံမျိုးနှင့်ပင် တူလှ၏။ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးသည့် သဘောပင်ဆောင်၏။ ယခု ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်အခန်း၌ အခြေခံမှုပေါင်း ၅၀ ခန့် ပါဝင်ခြင်းကပင် စံချိန်သစ်တစ်ခုဟု ဆိုနိုင်၏။

ဗဟိုအဆင့်တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု လွှတ်တော်ဟူ၍ ဥပဒေပြုရေးအာဏာ ကျင့်သုံးသည့် ဥပဒေပြုအဖွဲ့အစည်း (၃)ခု ပါဝင်၏။ ယင်းလွှတ်တော်များ၌ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုး အလိုက် တက်လာမည့် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်သည်။ ပြည်နယ်(၇)ခု၊ တိုင်းဒေသကြီး(၇)ခု လွှတ်တော်များတွင်လည်း တိုင်းရင်းသားစုံ ကိုယ်စားလှယ်များပါဝင်ကာ ဥပဒေပြုကြမည်။ ပြည်နယ်/တိုင်း ဒေသကြီး ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့များက အုပ်ချုပ်ရေးအာဏာ ကျင့်သုံးကြမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများတွင်လည်း အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာများ ခွဲဝေအပ်နှင်းထားသည်။ လူဦးရေနည်းလွန်းသော်လည်း နိုင်ငံလူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိသော တိုင်းရင်းသားမျိုးနွယ်များပင် ကိုယ်စားလှယ်တစ်ဦး ပါဝင်ခွင့်ရရှိသည်။

အမျိုးသားညီလာခံ ကျင်းပစဉ်ကာလကတည်းကပင် ချမှတ်ခဲ့ပြီးသည့် အခြေခံမူများအား သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ အပြည့်အစုံ ဖော်ပြထုတ်လွှင့်ပေးခဲ့သည့်အပြင် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်နှင့်တစ်ပြိုင်နက် အခြေခံမူများကို စာအုပ်အဖြစ် ပြုစုထုတ်ဝေလျက် ပြည်သူအများ လေ့လာနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ဤသို့ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်စေရန် ကြိုတင်စီမံဆောင်ရွက်ပေးပြီးဖြစ်ပါလျက် အခြေခံဥပဒေမူကြမ်းအပေါ် အဆိုးမြင် အပြစ်ရှာသူများက ပွင့်လင်းကြေညာမှုမရှိ၊ Transparency မရှိဟု ပြောနေကြသေးသည်။ လာမည့် မေလတွင် အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူမည်။ ၂၀၁၀ ပြည့်နှစ်တွင် အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပမည်ဟု ကမ္ဘာသိ ကြေညာထားပါလျက် အချိန်ကာလသတ်မှတ်ချက် (Time Frame)မရှိဟု ပြောနေကြသည်။

အမေရိကန်နှင့် အပေါင်းပါတို့သည် ယနေ့ကမ္ဘာတစ်ခွင် ထောင်းလမောင်းထအောင် စွက်ဖက်ခြေရှုပ်ကြ၊ ကျူးကျော်တိုက်ခိုက်ကြဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီးကို ဖောက်ပြန်ချိုးဖောက်နေကြသည်။ ဒီမိုကရေစီနည်းကျ တက်လာသော အစိုးရများစွာကို Colour Revolution အရောင်တော်လှန်ရေးအမည်တပ်ကာ ဖြုတ်ချပြီး ရုပ်သေးအစိုးရများ တင်ပေးနေကြသည်။ အာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံများ အေးအေးချမ်းချမ်းမနေရအောင် စွက်ဖက်ခြေရှုပ်ရင်း ထိုနိုင်ငံများမှ ထွက်ရှိသော သယံဇာတများ နှိုက်ယူနေကြသည်။

အမေရိကန်က အမေရိကန်ပြည်ထောင်စုမှ ခွဲထွက်မည့် တောင်ပိုင်းပြည်နယ်များကို ပြည်တွင်းစစ်ဖြစ်ကာ သွေးချောင်းစီးသည်အထိ တိုက်ခိုက်နှိမ်နင်း၍ ပြည်ထောင်စုမပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ခဲ့သည်။ ဗြိတိန်က မြောက်အိုင်ယာလန်၊ စကော့တလန်တို့၏ ခွဲထွက်ရေးလှုပ်ရှားမှုများကို နှိပ်ကွပ်ပြီး ယူကေ(ခေါ်) ဗြိတိသျှပြည်ထောင်စု မပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ခဲ့သည်။

ကမ္ဘာတွင် အင်အားကြီးနိုင်ငံအချို့က သူတစ်ပါးနိုင်ငံများ၊ပြည်ထောင်စုများကို အစိတ်စိတ်အမြွာမြွာကွဲအောင် သပ်လျှိုခွဲထုတ်ခဲ့ကြသည်။ လတ်တလောဖြစ်ရပ်များကြည့်လျှင် ရုရှားနိုင်ငံတွင်းမှ ချေချင်းညာဒေသ ခွဲထွက်ရေးတွင် အားပေးနေသည်။ ဂျော်ဂျီယာ၌ သုံးပိုင်းလောက်ကွဲနေသည်။ ယူဂိုဆလပ်ပြည်ထောင်စု ခြောက်စိတ်ကွဲသည့်အပြင် ယူဂိုဆလပ်လက်ကျန် ဆားဘီးယားနိုင်ငံတွင်းမှ ကိုဆိုဗိုပြည်နယ်ကို ခွဲထွက်ပြီး သီးခြားနိုင်ငံ ထူထောင်ရန် ခွဲထွက်ရေးသမားများကို အားပေးကူညီနေသည်။ အာဖရိကတွင်လည်း ခွဲထွက်ရေးအက်ကြောင်းများ တန်းစီနေသည်။ အီရတ်နိုင်ငံမှ ကာ့ဒ်လူမျိုးများ ခွဲထွက်ပုန်ကန်ရေးကို ကူညီအားပေးခဲ့သည်။

၁၉၆၁–၆၂ ခုနှစ် ဖက်ဒရယ်လှုပ်ရှားမှု၏ နောက်ကွယ်၌ အမေရိကန် ဦးဆောင်သော ဆီးတိုး(နေတိုးကဲ့သို့ အရှေ့တောင်အာရှစစ်အုပ်စု)က ကုလားဖန်ထိုးခဲ့သည်။ မြန်မာပြည်ထောင်စုမှ ပြည်နယ်များ ခွဲထွက်၊ သီးခြားနိုင်ငံထူထောင်၊ ဆီးတိုးအုပ်စုသို့ ဝင်ရောက်ကာ အရှေ့တောင်အာရှတစ်ခွင် အမေရိကန်စစ်ရေးစိုးမိုးမှုအတွက် အကွက်ဆင်ခဲ့သည်။ ပြည်ထောင်စုပြိုကွဲမခံနိုင်သော မြန်မာအမျိုးသားရေး(ဝံသာနုရက္ခိတ) အင်အားစုက ထိန်းနိုင်ခဲ့၍ တော်တော့သည်။

ယနေ့ထက်တိုင်လည်း ပြည်ပြေးစော်ဘွားနွယ်များ၊ လူမျိုးစုသောင်းကျန်းသူ လက်ကျန်အုပ်စုများကို ထောက်ခံကာ ပြည်ထောင်စု အတွင်းမှ ခွဲထွက်ရေး ဆက်လက်သပ်လျှိုနေဆဲဖြစ်သည်။ အမျိုးသားညီလာခံကြီးမှ ချမှတ်သော နိုင်ငံတော်အခြေခံမူများနှင့် ယခုရေးဆွဲပြီးစီးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတို့၏ နိုင်ငံတော်ဆိုင်ရာ အခြေခံမူများ၌ ပြည်ထောင်စုမှ မည်သည့်အစိတ်အပိုင်းမျှ ခွဲမထွက်ရဟူသောမူ ပါဝင်သည်။ မြန်မာနိုင်ငံက မည်သည့်နိုင်ငံကိုမျှ စတင်မကျူးကျော်၊ မြန်မာ့မြေပေါ်တွင် မည်သည့်နိုင်ငံခြားစစ်တပ်မျှ တပ်ချထားခြင်းမရှိစေရဟူသော မူများလည်း ပါဝင်သည်။ ဤမူများသည် မြန်မာတို့၏ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး သန္နိဋ္ဌာန်ကို အာမခံထားသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နှင့်အညီ နိုင်ငံတကာနှင့် ချစ်ကြည်စွာ ဆက်ဆံနေထိုင်ရေး ရေးရှုသည့် လွတ်လပ်၍ တက်ကြွသော မြန်မာ့နိုင်ငံခြားရေးမူဝါဒကို ထင်ဟပ်ပေါ်လွင်စေသည်။ ထိုသို့ ပြည်ထောင်စုဖွားအားလုံး၏ ကောင်းကျိုးပြည့်ဝစုံလင်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အနောက်အုပ်စုနှင့် ပြည်ပြေးများ၊ ပြည်တွင်းပုဆိန်ရိုးများက ကြံစည်စွပ်စွဲပုတ်ခတ်နေသည်မှာ ၎င်းတို့၏ မသမာသောစိတ်ထားကို ဖော်ပြနေခြင်းသာဖြစ်သည်။

အမျိုးသားညီလာခံသို့ နိုင်ငံရေးပါတီများမှ တက်ခဲ့သည်။ ထိုသို့ တက်ပြီး သုံးနှစ်နီးပါးကြာမှ NLD ကျောခိုင်းသွားခြင်း၊ ၂၀၀၄ ခုနှစ်တွင် ညီလာခံပြန်တက်မည်ဟု ဆိုပြီးမှ မတက်ဟု NLD က ဆုံးဖြတ်ခြင်းမှာ NLD သဘောသာဖြစ်သည်။ နိုင်ငံတော်ဘက်ကတော့ သဘောထားကြီးခဲ့ပြီးပြီ။ အခုမှလာပြီး NLD နှင့် ထပ်ဆွေးနွေးပါ။ NLD မပါလျှင် ညီလာခံကြီး မအောင်မြင်နိုင်၊ အခြေခံဥပဒေရေးဆွဲရေး မအောင်မြင်နိုင်ဟု အနောက်ပါးစပ်၊ ပြည်ပြေးပါးစပ်၊ ပုဆိန်ရိုး၊ အမျိုးသစ္စာဖောက် ပါးစပ်များက ဆိုနေပြန်ပြီ။ သို့သော်…တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသား ညီလာခံကြီးကို တစ်ခဲနက် ထောက်ခံလိုက်သော လူထုအစည်းအဝေးကြီး များမှ ပွဲတင်သံများက ယင်းမလိုတမာပါးစပ်များ၏ ညောင်နာနာအသံ များကို ဖုံးလွှမ်းထားလိုက်ပြီ ဖြစ်ပေသတည်း။ ။

ဒီမိုကရေစီစကားလုံးသုံးပြီး ကိုယ်အာဏာမရမချင်း ဆူပူမှု၊ သောင်းကျန်းမှု ဖန်တီး၊ အကွက်ဆင်ထားသော ထောင်ချောက်ဒီမိုကရေစီမျိုးသည်လည်း ဒီမိုကရေစီအတု၊ စည်းမဲ့ကမ်းမဲ့ မင်းမဲ့စရိုက်သရုပ်ဆောင်းထားသည့် အာဏာကရေစီပါပဲ။ နိုင်ငံတစ်ခုတိုးတက်လိုလျှင်၊ ကြီးပွား ချမ်းသာလိုလျှင်၊ အေးချမ်းတည်ငြိမ်စေလိုလျှင် ညီညွတ်ကြရမည်၊ အလုပ်လုပ်ကြရမည်၊ စည်းကမ်းရှိရမည်ဟူ၍ ကမ္ဘာ့ ခေါင်းဆောင်များ၊ ပညာရှင်များ၊ ကလောင်ရှင်များ ပြောဆိုကျ ရေးနေကျဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင် အကောင်အထည်ဖော်နေခြင်းကို အဘယ်ကြောင့် မုဒိတာမပွားနိုင်ဘဲ ဆီလို အပေါက်ရှာပြီး ပြစ်တင်ပုတ်ခတ်နေကြပါသနည်း။

ပန်းတနော် အလက(ဘိတ်ကျောင်း) ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပန်းတနော်မြို့ အခြေခံပညာအလယ်တန်းကျောင်း(ဘိတ်ကျောင်း)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ကံ့ကော်ဆောင်၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းလိုပါက ဒေါက်တာလှစိုး(ရန်ကုန်) ဖုန်း– ၀၉–၅၁၂၀၇၇၆၊ ဦးဖိုးလတ်ဝင်း (ကျောင်းအုပ်ဆရာကြီး) ဖုန်း– ၀၄၆–၃၀၄၈၁၊ ဦးကျုံဟိုင်း ဖုန်း– ၀၄၆–၃၀၃၅၉၊ ဦးစန်းတင့် ဖုန်း– ၀၄၆–၃၀၂၃၇၊ ဦးမြတ်သူရ ဖုန်း– ၀၄၆–၃၀၀၀၇ နှင့် ဦးအေးမြင့်(ခနေဖြူ–အေးမြင့်) ဖုန်း– ၀၄၆–၃၀၁၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

မစိုးရိမ်တံတား အမှတ်(၁) ဆောက်လုပ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကျုံမရေကျေးရွာရှိ သက်တမ်း ၁၅နှစ်ကျော်ပြီဖြစ်သော ၁၈၂ ပေအရှည် သစ်သားတံတားကြီးသည် ပျက်စီးယိုယွင်းနေပြီဖြစ်သဖြင့် အဆိုပါတံတားကြီးနေရာတွင် ကျပ်သိန်း ၃၀၀ခန့် ကုန်ကျမည့် သံကူကွန်ကရစ်တံတားကြီးကို ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက မစိုးရိမ်တိုက်သစ်မဟာနာယက၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဒုတိယမဟာနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ ဦးစီးလျက် အလှူရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်းကာ မစိုးရိမ်တံတား အမှတ်(၁)ကို အသစ်တည်ဆောက်လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုပါက သာသနဇောတိက မစိုးရိမ်တိုက်သစ် ဖုန်း–၀၁–၃၉၀၀၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁–၃–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၇:၅၅ ၆။ တေးဂီတအစီအစဉ်
- ၈:၁၀ ၇။ တံတားအလှပန်းလောင်
- ၈:၁၅ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၄၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၁၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း–၁၁)**
- ၁:၀၀ ၆။ **လောကနီတိ(၅) "မေတ္တာအတိမ်အနက်ကို ချိန်ဆက်၍ကြည့်သောအခါ" ပိုင်ဇေရဲထွန်း၊စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ–ခင်ဇော်)**
- ၂:၀၀ ၇။ အတီးပြိုင်ပွဲ
- ၂:၁၅ ၈။ တေးဂီတအစီအစဉ်
- ၂:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၄၀ ၁၀။ ဖောင်းကတောရေလှောင်တမံ
- ၂:၄၅ ၁၁။ International News.
- ၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅:၀၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၅:၁၀ ၆။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ ခုနှစ်)
- ၅:၂၀ ၇။ မြန်မာ့ခေလ့ရိုးရာလက်ဖွဲ့
- ၅:၃၅ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၇:၀၀ ၁၂။ (၆၃)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း–၁၇)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း–၅)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

သံသုမာ မိကျောင်း(ငမိုးရိပ်)တို့ နားခိုရာ သာကေတ မိကျောင်းမွေးမြူရေး အပန်းဖြေစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မိကျောင်းမွေးမြူရေးစခန်းတွင် မိကျောင်းကောင်ရေ စုစုပေါင်း ၇၀၀ ကျော်ကို ထိန်းသိမ်းမွေးမြူထားလျက်ရှိပြီး ယနေ့အချိန်တွင် နိုင်ငံခြားသားများနှင့် ပြည်သူအများ အထူးစိတ်ဝင်တစား လာရောက်ကြည့်ရှု လေ့လာလျက်ရှိကြောင်း သိရသည်။

ထိုသို့ လာရောက်လေ့လာကြည့်ရှုသူ များပြားလာသည်နှင့် အမျှဝင်ငွေရရှိမှုမှာလည်း ယခင်ထက် ငါးဆခန့် တိုးတက်ရရှိလာရာ လာရောက်

သဘာဝကန်ထဲရှိ မိကျောင်းများ၏ အလေ့အထကို ကြည့်ရှုနိုင်မည့် ပတ်လမ်းတည်ဆောက်ထားသည်ကို တွေ့ရစဉ်။

ကြည့်ရှုသူများ စိတ်ဝင်စားစေမည့် မိကျောင်းနှင့်လူသား ပူးတွဲဖျော်ဖြေနိုင်မည့် ပြပွဲများကိုလည်း ပြသနိုင်ရန် စီစဉ်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန မိကျောင်းမွေးမြူရေးစခန်းနှင့် သုတေသန(ရေချို)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအန်ကြည်က ပြောကြားသည်။

"ဟိုအရင်တုန်းကတော့ ဒီစခန်းကို လာရောက်ကြည့်ရှုတဲ့သူ နည်းတယ်။ ဝင်ငွေအနေနဲ့ဆိုရင် တစ်နှစ်ကို ရှစ်သိန်းနဲ့ ၁၀ သိန်းဝန်းကျင်လောက်ပဲရှိတယ်။ အခုနောက်ပိုင်းမှာတော့ လူတွေစိတ်ဝင်စားမှု များလာတယ်။ ဝင်ကြေးအနေနဲ့ကလည်း အနည်းငယ်တိုးမြှင့်ထားတဲ့အတွက်

သဘာဝကန်အတွင်း မွေးမြူထားသည့် ရှစ်ပေကျော်အရွယ် မိကျောင်းကြီးများကို တွေ့ရစဉ်။

သတင်းဆောင်းပါး - ခတ်ပုံ ရဲဝင်းဆောင်

ဝင်ငွေက တိုးလာတယ်။ ဒီနှစ်ဆိုရင် နှစ်မကုန်သေးဘူး ဝင်ငွေက ကျပ် ၂၄ သိန်းကျော် ရနေပြီ။ နေ့စဉ် လာရောက်တဲ့သူ မပြတ်ဘူး။ တစ်နေ့ ပျမ်းမျှ ကျပ်တစ်သောင်းကနေ သုံးသောင်းဝန်းကျင်လောက်အထိရတယ်" ဟု ၎င်းက ပြောကြားသည်။

မိကျောင်း သရုပ်ပြဖျော်ဖြေရေးအစီအစဉ်များကို ၂၀၀၉ ခုနှစ်အတွင်း အကောင်အထည်ဖော်သွားနိုင်ရန် စီစဉ်လျက်ရှိပြီး ယခုအခါ အဆိုပါပြပွဲများ ပြသနိုင်ရန်အတွက် ဝန်ထမ်းများကို ပြည်ပသို့စေလွှတ်၍ သရုပ်ပြခြင်းနှင့် သက်ဆိုင်သည့် ပညာရပ်များ သင်ကြားနိုင်ရန် စီစဉ်လျက်



ပြုစုကန်ထဲတွင် မွေးမြူထားသည့် ရေငန်မိကျောင်း တစ်ကောင်ကို တွေ့ရစဉ်။

ရှိကြောင်း၊ သရုပ်ပြကွင်း၊ သရုပ်ပြကန်များ တည်ဆောက်ရန်အတွက်လည်း စီစဉ်နေကြောင်း၊ ပြပွဲများ ပြသသွားနိုင်ပါက လာရောက်ကြည့်ရှုသူများ ပိုမိုစိတ်ဝင်စားမှုရှိလာပြီး ဝင်ငွေလည်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း ဦးအန်ကြည်က ရှင်းလင်းပြောကြားသည်။

မိကျောင်းမွေးမြူရေးစခန်းသို့ ဝင်ရောက်လေ့လာနိုင်သည့် ဝင်ကြေးနှုန်းများမှာ လူကြီး ကျပ် ၂၀၀၊ ကလေး ကျပ် ၁၀၀၊ ဆိုင်ကယ် ကျပ် ၁၀၀၊ စက်ဘီး ကျပ် ၅၀ ဖြစ်ပြီး နိုင်ငံခြားသားဆိုပါက လူကြီး ကျပ် ၂၀၀၀၊ ကလေး ကျပ် ၁၀၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းကို ၁၉၇၈ ခုနှစ်တွင် **'မိကျောင်းမွေးမြူရေးလုပ်ငန်း'** အမည်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် **'မိကျောင်းမွေးမြူရေး အပန်းဖြေစခန်း'** အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် နေထိုင်ကျက်စားသည့် မိကျောင်းလေးမျိုးအနက် မကွေးတိုင်း သရက်မြို့နှင့် မိကျောင်းရဲဒေသများ၌ တွေ့ရှိရသော အင်းမိကျောင်းနှင့် ရခိုင်ပြည်နယ် ရေချိုမြစ်ချောင်းများ၌ တွေ့ရှိရသော ဂင်္ဂါမိကျောင်း (ဒေသအခေါ်ငါးဖောင်ရိုးမိကျောင်း)တို့မှာ ယနေ့အချိန်တွင် မျိုးသုဉ်း ပျောက်ကွယ်သွားသည့် အခြေအနေတွင် ရှိသည်။ သာကေတ မိကျောင်းမွေးမြူရေးစခန်း၌ သဘာဝထဲတွင် ရှားပါးနေပြီဖြစ်သော ထိုင်းမိကျောင်း ကိုးကောင်နှင့် ဧရာဝတီတိုင်း ဘိုကလေး လပွတ္တာနယ်ဘက်တွင် တွေ့ရှိရသည့် သံသုမာမိကျောင်း (ခေါ်)ရေငန်မိကျောင်း (ငမိုးရိပ်)တို့ကို ထိန်းသိမ်းမွေးမြူထားလျက် ရှိသည်။ ရေငန်မိကျောင်း (ငမိုးရိပ်)မှာ ကမ္ဘာပေါ်ရှိ မိကျောင်းမျိုးစိတ်များအနက် သားရေတန်ဖိုးအကြီးမားဆုံးဖြစ်ပြီး အရေအတွက်အများဆုံး မွေးမြူထားကြောင်း သိရသည်။ ။

ခရမ်းမြို့ ကျက်သရေဆောင် နဂါးကိုးကောင် နဂါးရုံပြည်လုံးချမ်းသာစေတီတော် ထီးတော်တင်လှူပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၁၂)ရပ်ကွက် ဓမ္မသီရိ အောင်မေတ္တာ ပရိယတ္တိစာသင်တိုက်ကြီး ပရိဝုဏ်အတွင်းတည်ထားလျက်ရှိသော ဉာဏ်တော် ၅၄ ပေ ၆ လက်မရှိ နဂါးကိုးကောင် နဂါးရုံပြည်လုံးချမ်းသာ စေတီတော် ရွှေထီးတော်မြတ်ကြီး (**အပေါ်ပုံ**)ကို ဓမ္မသီရိ အောင်မေတ္တာ ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီး ပဓာန နာယက ဘဒ္ဒန္တကုမာရ (အောင်မေတ္တာဂူအောင်း) ဆရာတော်၏ ဩဝါဒကို ခံယူ၍ နှစ်ဖက်သော မိဘများဖြစ်ကြသော ဦးညွန့်မောင်-ဒေါ်စိန်ဆင်၊ ဦးပန်းဒွေး-ဒေါ်ကြင်ယုံတို့ကိုအမှူးထား၍ ဘုရားဒါယကာ၊ ဒါယိကာမ များဖြစ်ကြသော ခရမ်းမြို့ အမှတ်(၁၂) ရပ်ကွက်နေ ဦးသန်းလှိုင်-ဒေါ်စမ်းစမ်းမြင့် (ဟသ်ာညီနောင်) ဆေးလိပ်ခုံ မိသားစုတို့နှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့မှ(၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်) ဖေဖော်ဝါရီ ၁၉ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက် စွာ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဘုရားဒါယကာ ဦးသန်းလှိုင်၊ အလှူဒါယိကာမ ဒေါ်စမ်းစမ်းမြင့် မိသားစုတို့က ဗိသုကာ အင်ဂျင်နီယာ ထားဝယ် ဦးကြည်စိန်လေး တည်ဆောက်ပေးသော နဂါးကိုးကောင် နဂါးရုံပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီး၏ ရွှေထီးတော်နှင့် အရန်စေတီရှစ်ဆူ၊ ရွှေထီးတော်ကိုးလက်မတို့ကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (က-ပ)

မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ခပုံကျေးရွာနေ အလှူရှင် ဦးထော်-ဒေါ်ဖြူ မိသားစုက မုဒုံမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ ရေတောင်တောရ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၏ ဗုဒ္ဓဓမ္မရိပ်သာ ဆောက်လုပ်ရန်အတွက် ၎င်းတို့ပိုင် ကော့ခပုံကျေးရွာရှိ ငွေကျပ် သိန်း ၅၀ ကျော်တန်ဖိုးရှိ ခြံ၊ မြေကွက်တို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရေတောင်တောရ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပညာဝရထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇေယျဝတီသီတဂူ ရေအလှူတော်ဓမ္မပူဇာ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၆) ရပ်ကွက် ဇေယျဝတီစာသင်တိုက်၌ သီတဂူ ရေအလှူတော် အထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ မတ် ၃ ရက်တွင် ဒေါက်တာ အရှင် ကိတ္တိဗလ သီတဂူ ပါမောက္ခ၊ မတ် ၄ ရက်တွင် ဒေါက်တာ အရှင် ဝေဠုရိယ ဉာဏာလင်္ကာရ လက်ထောက် ပါမောက္ခ မော်ကွန်းထိန်း၊ မတ် ၅ ရက်တွင် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ပါမောက္ခချုပ်၊ မတ် ၆ ရက်တွင် ဒေါက်တာ အရှင်ဉာဏိဿရ(သီတဂူ ဆရာတော်)၊ မတ် ၇ ရက်တွင် ဒေါက်တာ အရှင်ဣန္ဒက လက်ထောက် ကထိက ဆရာတော် အရှင်သူမြတ်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၅	၄။	ကျန်းမာသုတ
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **-အချစ်ကြောင့် အပြစ်ရှိသူများ** **ထွန်းထွန်း(Examplez)** **သင်ဇာဝင့်ကျော်၊ မိုးဟေကို**
၁:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၁၅	၄။	မြန်မာသံစဉ်ချိုနှာဝင်
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၅၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၄၂)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	English Usage
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သိန်းငှက်သူရဲကောင်း(ဒုတွဲ) (အပိုင်း-၃၇)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၉

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ (၆၃)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ (၁၆)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✻

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ် (၁)ခု၊ ကြေးတံဆိပ် (၁)ခုရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

၂၀၀၈ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ရာ မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို Compound အမျိုးသားတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ ရဲမင်းဆွေကလည်းကောင်း၊ ကြေးတံဆိပ်ဆုကို Compound အမျိုးသမီး မီတာ ၇၀ မြား ၇၂ ချောင်း အမှတ်ပေးပြိုင်ပွဲမှ အောင်ငိုမ်းကလည်းကောင်း ဆွတ်ခူးရရှိခဲ့ သည်။

ရွှေတံဆိပ်ရရှိခဲ့သော ရဲမင်းဆွေသည် ပထမအဆင့်၌ ကျော်ချမ်း ငြိမ်း (မြန်မာ)ကို ၁၁၃-၁၁၁ မှတ်၊ ဒုတိယအဆင့်တွင် စင်ကာပူမှ အားကစားသမားကို **စာမျက်နှာ ၆ ကော်လံ ၁ သို့** ●

ကြေးမုံ The Mirror ယနေ့ သတင်း၊ ဆောင်းပါး အညွှန်း

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားနိုင်၊ ကမ္ဘာ့ချူကလီးယား လုံခြုံရေး စိုးရိမ်ရသော အနေအထားသို့ရောက် အပါအဝင် နိုင်ငံတကာသတင်းများ — စာမျက်နှာ−၄၊၅

သံသုမာမိကျောင်း(ငမိုးရိပ်)တို့ နားခိုရာ သာကေတ မိကျောင်းမွေးမြူရေး အပန်းဖြေစခန်း — စာမျက်နှာ−၁၀

ပရီမီယာလိဂ် ပွဲစဉ် (၂၈) — စာမျက်နှာ−၁၁